ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ (19-9-2007) (၅၄၄၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် (၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက် (လူသစ်တန်း) အမျိုးသားဘောလုံးဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ၂၀၀၇ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက်(လူသစ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားသည့် ရန်ကုန်တိုင်းအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၇ ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက် (လူသစ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းအားကစားကွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဗိုလ်လုပွဲ ပွဲစဉ်၌အကောင်းဆုံးဘောလုံးသမားဆုရ ရန်ကုန်တိုင်းအသင်းမှ မျိုးဇော်ဟိန်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင်က ငွေသားဆုချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တာဝန်ရှိသူများက တတိယဆုရရှိသော တနင်္သာရီတိုင်းအသင်းသို့ တစ်ဦးချင်းဆုများနှင့် ငွေသားဆုကျပ်သုံးသိန်းနှင့် ဒုတိယဆုရရှိသော ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကျပ် ခြောက်သိန်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဂိုးသမားဆုရ ရန်ကုန်တိုင်းအသင်းမှ ကိုကိုနိုင်၊ အကောင်းဆုံး နောက်တန်းကစားသမားဆုရ ကရင်ပြည်နယ်အသင်းမှ စိုးမျိုးထွန်း၊ အကောင်းဆုံး အလယ်တန်းကစားသမားဆုရ တနင်္သာရီတိုင်းအသင်းမှ ဇော်မျိုး၊ အကောင်းဆုံးရှေ့တန်းကစားသမားဆုရ ကယားပြည်နယ်အသင်းမှ ဂျွန်ပေါ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ကရင်ပြည်နယ်အသင်းမှ စိုးမျိုးထွန်းတို့အား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ၂၀၀၀၀ စီကို ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသော ကရင်ပြည်နယ်အသင်းအား အသန့်ရှင်းဆုံး ဆုဖလားနှင့် ငွေသားဆုကျပ် တစ်သိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက ချီးမြှင့်သည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရ ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ် ၁၀ သိန်းကို လည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား ဆုဖလားကိုလည်းကောင်း ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရေဝတီ၊ ချင်းတွင်းနှင့်သံလွင် မြစ်ရေအခြေအနေ ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ညောင်ဦးမြို့၌ ၂၁၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅၂ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၁၂၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့၌ ၁၂၇၄ စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၅၇၉ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မော်လိုက်မြို့တွင် ၄၄ စင်တီမီတာနှင့် ကလေးဝမြို့တွင် ၂၉ စင်တီမီတာ ကျော်လွန်နေကြသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ နှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ အောက်သို့ ကျဆင်းနိုင်သည်။ **စာမျက်နှာ ၂ ကော်လံ ၅ သို့ ▲**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၉-၉-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး စည်းမျဉ်းစည်းကမ်းနှင့်အညီ စီမံဆောင်ရွက်နေ

ယနေ့ အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုစွမ်းအားဖြင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို ကြိုးပမ်းတည်ထောင်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတော်သစ် အသွင်ကူးပြောင်းရေးကာလတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးတာဝန်များကို ပြည်သူတစ်ရပ်လုံးက အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယင်းသို့သော အချိန်အခါတွင် ပြည်တွင်း ပြည်ပရှိ ဆန့်ကျင်ဘက်အဖွဲ့အစည်း၊ အဆိုးမြင်ဝါဒီအချို့တို့က နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုများကို ပျက်ပြားစေရန် ဖန်တီးလုပ်ဆောင်လျက်ရှိသည်။ မဟုတ်မမှန် လုပ်ကြံစွပ်စွဲ ဝါဒဖြန့်ခြင်း နည်းမျိုးစုံသုံး၍ လှုံ့ဆော်မှုများ ပြုလုပ်နေသည်။

ယင်းသို့ လုပ်ကြံဝါဒဖြန့်ရာတွင် မြန်မာ့တပ်မတော်၌ ကလေးသူငယ်များရှိနေပြီး ရှေ့တန်းစစ်ဆင်ရေးများတွင် ကလေးစစ်သည်များကို အသုံးပြုနေသည်ဟူသော အကြောင်းအရာတစ်ခု ပါဝင်နေကြောင်း ကြားသိနေရသည်။

မြန်မာနိုင်ငံတွင် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းထားသည်။ တပ်သားသစ်များ စုဆောင်းရာတွင် အသက်(၁၈)နှစ် မပြည့်သေးသူ ကလေးသူငယ်များအား စုဆောင်းခြင်းမပြုစေရန်အတွက် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။

ကော်မတီအနေဖြင့် ကလေးသူငယ်များ အကျိုးစီးပွား ကာကွယ်စောင့်ရှောက်ရန် ထုတ်ပြန်ထားသည့်အမိန့်၊ ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေးအတွက် တစိုက်မတ်မတ် ကြပ်မတ်ပေးလျက်ရှိသည်ကို တွေ့ရသည်။

အဖျက်မှောင့်သမားများက မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများဖြင့် မည်သို့ပင် ဝါဒဖြန့်နေစေကာမူ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးအတွက် ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နေမှု၊ ကလေးသူငယ်များ၏ အကျိုးစီးပွားကို အစဉ်တစိုက် ကာကွယ်စောင့်ရှောက် စီမံဖြည့်ဆည်းပေးနေမှုများကြောင့် နိုင်ငံတကာက အဖြစ်မှန်၊ အခြေအနေမှန်များကို သိမြင်နိုင်မည်သာဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ကေဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူဖခင် ဦးမောင်ဆိုင်အားရည်စူး၍ မိခင်ဒေါ်ခင်ညွှန့်၊ ဦးမောင်မောင်ညွှန့်-ဒေါ်ချိုချိုမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ဩဝါဒါစရိယဆရာတော် ဦးလက္ခဏ ရှေ့မှောက်၌ တာဝန်ခံ (သဒ္ဓမ္မဇောတိကဓဇ) (သီဟသုဓမ္မမဏိဇောတဓရ) ရွှေမြင်တင် ဦးညိုထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)သို့ တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်သည် စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသော မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇)သို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇)တွင် အမှာစကားပြောကြားစဉ်။ (နယ်စပ်/စည်ပင်)

အဆိုပါအစည်းအဝေးသို့ မအူပင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းနှင့် ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အတွင်းရေးမှူး ဦးသန်းထွန်းနှင့် အလုပ်အမှုဆောင်များ၊ ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက ပြည်မြန်မာ သီချင်းနှင့် ရာသက်ပန်ပြည်ထောင်စု သီချင်းတို့ဖြင့် သီဆိုဖွင့်လှစ်ကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွှန့်က အမှာစကားပြောကြားပြီး ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများက ခြောက်ဘာသာဂုဏ်ထူးရှင် ဓနုဖြူမြို့အခြေခံပညာအထက်တန်းကျောင်းမှ မနော်မီမီဆိုင်၊ ငါးဘာသာဂုဏ်ထူးရှင် မအူပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်ကိုထွန်းတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ငါးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မဆုလတ်နွယ်၊ မဝတ်ရည်လှိုင်၊ ညောင်တုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်နိုင်စိုးနှင့် မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မအိဖွေးသန့်တို့အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဌေးဝင်းကလည်းကောင်း၊ ငါးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော မအူပင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခန့်ထူး၊ မောင်ထက်ပိုင်ဖြိုး၊ မခြူးဝင့်သူအောင်နှင့် လေးဘာသာဂုဏ်ထူးရှင် မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မသင်းဆုနွယ်တို့အား တိုင်းအသင်းအတွင်းရေးမှူး ဦးသန်းထွန်းကလည်းကောင်း ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မရတနာလွင်၊ မချမ်းငြိမ်းသာ၊ ညောင်တုန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ပေါင်ပုမ်ထန်နှင့် ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မငြိမ်းအေးခိုင်တို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘိုထွန်းက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများတစ်စုံစီကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်၊ ပန်းတနော်မြို့နယ်အသင်း အတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ဓနုဖြူမြို့နယ်အသင်း အတွင်းရေးမှူးဦးနိုင်ဝင်းတို့က လက်ခံရယူကြသည်။

ဆက်လက်၍ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေကျပ် နှစ်သိန်းအားခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်း ကလည်းကောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူငွေကျပ်နှစ်သိန်းကို အမှုဆောင်အရာရှိ ဦးသန်းအေးကလည်းကောင်း၊ ခရိုင် ငါးကန်လုပ်ငန်းရှင်များက အလှူငွေကျပ်သုံးသိန်းကို ပန်းတနော်မြို့နယ် ငါးကန်လုပ်ငန်းရှင် ဗိုလ်ကြီးမောင်မောင်မြင့်(ငြိမ်း) ကလည်းကောင်း၊ မအူပင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးဘိုထွန်းကလည်းကောင်း၊ ဖိုးလမင်းကုမ္ပဏီမှ ဦးကြင်ငြိမ်းနှင့် ဦးငြိမ်းမြိုင်တို့၏ လှူဒါန်းငွေကျပ် တစ်သိန်းကို ဦးစိုးလှိုင်ကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံသည်။

ယင်းနောက် ဝန်ကြီးသည် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး၌ မအူပင်မြို့နယ်၊ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ အမှုဆောင်အရာရှိများ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံပြီး မြို့နယ်အသီးသီးမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးနှင့် စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အသောကဓမ္မဗိမာန်အတွက် ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းမြို့မပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော အသောကဓမ္မဗိမာန်လေးထပ်ကျောင်းဆောင်ကြီးအတွက် ဦးအေးမြင့်-ဒေါ်ခင်သန္တာဝေ(လှသီတာ-စိန်ရွှေရတနာဆိုင်) မိသားစုများက ဒုတိယအကြိမ် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ကြသည်။ **(ဝဲပုံ)**အလှူရှင်များအနေဖြင့် ဥက္ကဋ္ဌဦးအေးမြင့် ဖုန်း-၆၆၁၁၅၄၊ ၀၉-၅၀၁၉၃၁၆၊ အတွင်းရေးမှူး ဦးတိုး ဖုန်း-၀၉-၅၁၁၄၁၁၅၊ ၆၆၆၇၅၇၊ ဦးမောင်မောင်သိန်း ဖုန်း-၀၉-၅၁၃၁၆၀၈၊ ဦးတွတ် ဖုန်း-၆၅၀၃၀၉၊ ၀၉-၅၁၁၈၃၃၄၊ ဒေါက်တာအောင်မြသိန်း ဖုန်း-၆၅၁၅၂၆၊ ဒေါ်အေးအေးလှိုင် ဖုန်း-၆၆၆၇၅၇၊ ဦးတင်မြင့် ဖုန်း-၆၄၄၈၅၈၊၆၅၃၅၇၅(လိုင်းခွဲ)၃၂၉၊ဦးကျော်ထွေးမင်း ဖုန်း-၀၉-၅၀၁၁၆၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

▲ ရှေ့ဖုံးမှ

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်၌ ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

ပြည်ထောင်စုတစ်ဝန်း ဆည်တမံအစုအဖွဲ့များ ပေါ်ထွန်းလာမှု စိုက်ပျိုးရေးနှင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေးကို အကျိုးပြု

မြင့်မောင်စိုး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေး ဖြစ်ထွန်းအောင်မြင်ရန် ရေရရှိရေးသည် အဓိကဖြစ်သည်။ စိုက်ပျိုးရေ အလုံအလောက်ရရှိပါက စိုက်ပျိုးသော ကောက်ပဲသီးနှံများအောင်မြင်ဖြစ်ထွန်းမည် ဖြစ်သည်။

နိုင်ငံတော်ကစီးပွားရေးတိုးတက်မှုမြင့်တင်နိုင်ရန်အတွက် လယ်ယာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ၏ ပင်မစီးပွားရေး ထုတ်ကုန်လုပ်ငန်းကြီးတွင် လယ်ယာကဏ္ဍသည် အခြေခံကျသည့် ကဏ္ဍကြီး ဖြစ်သည်။

ထိုသို့ နိုင်ငံ၏စီးပွားရေးအခြေခံကျသည့် လယ်ယာကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တောင်သူများ၏ အဓိကစိုက်ပျိုးရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆည်မြောင်းတာတမံများ၊ ရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက် အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

ထိုသို့ ဖော်ဆောင်ပေးရာတွင် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် အများဆုံးဖြစ်သည်။ အခြားသော ပြည်နယ်နှင့် တိုင်းများ၌လည်း စိုက်ပျိုးရေး ဖြစ်ထွန်းနိုင်ခြေနှင့် အလားအလာများကို တွက်ချက်လျက် ဆည်အစုအဖွဲ့များ တိုးတက် တည်ဆောက်ပေးနေသည်။

ယခုအခါ နိုင်ငံတော်က အခြားသော ဒေသများ၌ အဓိကရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ဆည်အစုအဖွဲ့များ တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွင်း စီးဆင်းသည့် မြစ်ချောင်းများမှာ နှစ်စဉ် ရေဧကပေ သန်း ၈၇၀ ရှိသော်လည်း ယင်းအနက် ၆ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးမှုအတွက် အသုံးချနိုင်သေးသည်။ ရေသယံဇာတများ တိုးမြှင့်ဖော်ထုတ် အသုံးပြုနိုင်အောင် နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်ခဲ့သည်။

ယင်းတို့မှာ-

(၁) ဆည်မြောင်း၊ တာတမံများ အသစ်တည်ဆောက်ခြင်း၊

(၂) ရေဝေရေလဲ ဧရိယာမှ စီးဆင်းသည့်ရေများကိုအပြည့်အဝအသုံးချရေး စီမံဆောင်ရွက်ပေးခြင်း၊

(၃) တည်ဆောက်ပြီး ဆည်မြောင်း တာတမံများမှ ဆည်ရေကို ထိရောက်စွာ ရေပေးသွင်းနိုင်ရန်နှင့် ရေပိုမို သိုလှောင်နိုင်ရန် ပြုပြင်ခြင်း၊

(၄) မြစ်ချောင်းများမှ ရေလျှံချိန်တွင် အင်း၊ အိုင်၊ ချိုင့်ဝှမ်းများ အတွင်းသို့ ရေသွင်း သိုလှောင်ထားရှိခြင်း၊

(၅) မြစ်ချောင်းများမှ ရေကို စက်ဖြင့် စုပ်တင်ခြင်း၊

(၆) မြေအောက်ရေ ထုတ်ယူသုံးစွဲခြင်းတို့ဖြစ်သည်။

၁၉၈၈ခုနှစ် နောက်ပိုင်းနိုင်ငံတော်အစိုးရက ဆည်တမံ တည်ဆောက်ရေးလုပ်ငန်းများကို ငွေကြေးအင်အား၊ လူအင်အား၊ စက်ပစ္စည်းအင်အား အလုံးအရင်းဖြင့် မိမိတို့ ပြည်တွင်းအင်ဂျင်နီယာများဖြင့် တည်ဆောက်ခဲ့ရာ နိုင်ငံအနှံ့ ဆည်အစုအဖွဲ့များ ဖြစ်ထွန်းတည်ရှိနေပြီဖြစ်သည်။ ၁၉၈၈-၁၉၈၉ ခုနှစ်မှ၂၀၀၇ခုနှစ် ဩဂုတ်လကုန် အထိ ဆည်မြောင်းစီမံကိန်း ၂၀၂ခု တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ဆည်မြောင်း စီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့ ဆည်မြောင်းစီမံကိန်းများ တည်ဆောက် ပေးနိုင်ခဲ့မှုကြောင့် ၁၉၈၇-၁၉၈၈ ခုနှစ်က စိုက်ပျိုးဧရိယာ ၁၂ဒသမ၅ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ၂၀၀၆-၂၀၀၇ခုနှစ်တွင် ၁၉ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့သည်။

နိုင်ငံတော်က ဆည်တမံအစုအဖွဲ့များနိုင်ငံတစ်ဝန်းဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေး အကျိုးဖြစ်ထွန်းရုံမက အချို့ဒေသများတွင် လျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်သည့် ဘက်စုံစီမံကိန်းကြီးများ ပါဝင်သည်။

ယင်းတို့တွင် ဧရာဝတီမြစ်ဝှမ်း (အထက်ပိုင်း)၌ ရဲရွာစီမံကိန်း၊ ရွှေလီစီမံကိန်း၊ သဖန်းဆိပ်စီမံကိန်း၊ မုန်းချောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်းတို့ကို တွေ့ရမည်ဖြစ်သည်။

အလားတူ ချင်းတွင်းမြစ်ဝှမ်း၌လည်း ထမံသီ စီမံကိန်း၊ မဏိပူရ စီမံကိန်း၊ မြစ်သာ စီမံကိန်း၊ ရွှေစာရေး စီမံကိန်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သံလွင်မြစ်ဝှမ်း၌လည်း ကျိုင်းတောင်း စီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိပြီး သံလွင်တာဆန်းစီမံကိန်းကိုလည်း အကောင်အထည်ဖော် တည်ဆောက်ရန် ပြင်ဆင်လျက်ရှိသည်။

ဧရာဝတီမြစ်ဝှမ်း၊ ချင်းတွင်းမြစ်ဝှမ်း၊ သံလွင်မြစ်ဝှမ်းနှင့် စစ်တောင်းမြစ်ဝှမ်း တစ်လျှောက်တွင် စိုက်ပျိုးရေရရှိရေး စီမံကိန်းများသာမက ရေအားလျှပ်စစ် ထုတ်ယူနိုင်သည့် အရင်းအမြစ်အသေး၊ အလတ်၊ အကြီး အားလုံးတို့ကို လေ့လာလျက် ဆက်လက်ဖော်ဆောင်ပေးလျက် ရှိသည်။

ထိုသို့ ဆည်တမံများ တည်ဆောက်ရာတွင် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် တွဲဖက်ဆောင်ရွက်လာခဲ့သဖြင့် ယနေ့အခါ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်သည်။

ယခုအခါ တည်ဆောက်ပြီးစီးသွားသော ဆည်တမံအချို့၌ ဆည်ရေကို အသုံးပြုလျက် အသေးစား ရေအားလျှပ်စစ် စီမံကိန်းများလည်း တိုးချဲ့တည်ဆောက်ပေးလျက် ရှိသဖြင့် ကျေးလက်ဒေသနေ ပြည်သူများ၏ဘဝ ပိုမိုသာယာလာပြီ ဖြစ်သည်။

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တည်ဆောက်ပြီးစီးသွားသော ဂွေးချိုရေလှောင်တမံကို ၂၀၀၇ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ ဂွေးချိုရေလှောင်တမံသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပေးခဲ့သော ရေလှောင်တမံများတွင် ၂၀၂ခုမြောက် ရေလှောင်တမံဖြစ်သည်။

နိုင်ငံတော်က ပခုက္ကူခရိုင်အတွင်းရှိ ပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရန် ဆည်အစုအဖွဲ့များအပြင် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့်တည်ဆောက်ပေးနေသည်။ ယင်းစီမံကိန်းလုပ်ငန်းကြီးများအတွက် နိုင်ငံတော်က ငွေကျပ် သန်းပေါင်းများစွာ အကုန်အကျခံ တည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ထိုသို့ ဆည်အစုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများ၊ ပခုက္ကူဒေသ၌ အဆက်မပြတ် တည်ဆောက်ပေးနေခြင်းသည် ယင်းဒေသရှိ တိုင်းရင်းသားပြည်သူများအပေါ် အစဉ်ထားရှိသည့် နိုင်ငံတော်၏ စေတနာမှန်ပင် ဖြစ်သည်။

နိုင်ငံတစ်ဝန်း ဆည်အစုအဖွဲ့များ ပေါ်ထွန်းလာပြီဖြစ်၍ ဒေသနေတောင်သူလယ်သမားများ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိ စိုက်ပျိုးလာနိုင်ကြပြီ ဖြစ်သည်။

အထူးသဖြင့် ဆည်ရေဖြင့် စပါးကို အထူးအားထား စိုက်ပျိုးလာနိုင်သည်။ ယခုအခါ တောင်သူများသည် ဆည်ရေဖြင့် မိုးစပါးသာမက နွေစပါးကိုပါ တိုးချဲ့ စိုက်ပျိုးလာနိုင်သည်။ ဆည်အစုအဖွဲ့များ ပေါ်ထွန်းလာသဖြင့် နိုင်ငံတော်၏ စပါးစိုက်ပျိုးထုတ်လုပ်မှု ရည်မှန်းချက်ဖြစ်သည့် တစ်နှစ်လျှင် စပါးတင်းသန်းပေါင်း ၁၅၀၀ ထွက်ရှိရေးကို ဖြည့်ဆည်းပေးလျက်ရှိသည်။

စိုက်ပျိုးရေ လုံလောက်စွာ ရရှိနေပြီဖြစ်၍ စပါးအပြင် အခြားသော သီးနှံများဖြစ်သည့် ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုပါ တိုးချဲ့ စိုက်ပျိုးလာနိုင်ကြပြီ ဖြစ်သည်။

ဆည်တမံအစုအဖွဲ့များတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖြန့်ကြက်တည်ဆောက်ပေးနိုင်မှုကြောင့် ကျေးလက်နေ ပြည်သူများ ဝမ်းစာဖူလုံသည့်အပြင် ဒေသ၌ သစ်တောသစ်ပင်များ စိမ်းလန်းသာယာလာပြီ ဖြစ်သည်။ ယခင်က တောင်ကတုံး၊ လွင်တီးခေါင်ဒေသများသည် ယခုအခါ မြစိမ်းရောင်လွှမ်းလျက် စိမ်းလန်းနေပြီ ဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများလည်း တိုးတက် ဆက်စပ် ဖြစ်ထွန်းလာသည်။ ရေ၊ မြေ၊ စားကျက်များကို အခြေခံဖြစ်ထွန်းသည့် ဆိတ်၊ သိုး၊ နွား၊ ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်နိုင်ကြပြီ ဖြစ်သည်။

တစ်ချိန်က ရေအခက်အခဲကြောင့် ရေရှားပါးလွန်း၍ "ငွေကို မလို ရေကိုသာလိုသည်" ဆိုသည့် တောင်သူဦးကြီးများ နိုင်ငံတော်က ဆည်တမံ အမြောက်အမြား တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်၍ ဝင်ငွေတိုးပွား စီးပွားဖြစ်ထွန်းလျက်ရှိသည်။

နိုင်ငံတစ်ဝန်း ဆည်အစုအဖွဲ့များ ဖြစ်တည် ပေါ်ထွန်းလာပြီ ဖြစ်၍ နိုင်ငံ၏ လူဦးရေအများဆုံး တည်ရှိရာ ကျေးလက်ဒေသများ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်သည်။ ကျေးလက်ဒေသကို အခြေခံသည့် ထုတ်ကုန်လုပ်ငန်းများ တစ်စတစ်စ ဖွံ့ဖြိုးလာနေပြီ ဖြစ်သည်။

ဤဖြစ်စဉ် အကြောင်းတရားများကို ပြန်လည်ဆန်းစစ်ကြည့်လျှင် နိုင်ငံတော်အစိုးရက ပြည်သူများအပေါ် စားဝတ်နေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းသိသာထင်ရှားပေသည်။

သို့ဖြစ်ရာ ယနေ့ နိုင်ငံတော်က ပြည်သူများ စားဝတ်နေရေး၊ လူမှုစီးပွားဘဝ အခြေခံကောင်းများ တိုးတက်မြင့်မားလာရေး အတွက် ဆည်တမံအစုအဖွဲ့များ တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက် ဖြစ်ထွန်းလာသကဲ့သို့ လျှပ်စစ်ဓာတ်အားပါ ထုတ်ယူသုံးစွဲလာနိုင်လျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ယနေ့ နိုင်ငံတော်က ပြည်သူများ စားဝတ်နေရေး၊ လူမှု စီးပွားဘဝ အခြေခံကောင်းများ တိုးတက်မြင့်မားလာရေးအတွက် ဆည်တမံအစုအဖွဲ့များ တည်ဆောက်ပေးခြင်းဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာသကဲ့သို့ လျှပ်စစ်ဓာတ်အားပါ ထုတ်ယူသုံးစွဲလာနိုင်လျက်ရှိ။

ပဲခူးတိုင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် တည်ဆောက်ပြီးစီးသွားသည့် ရဲနွယ်ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-သတင်းစဉ်)

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ဂွေးချိုကျေးရွာအနီး ဆင်မဝင်းချောင်းကိုပိတ်၍ တမံအလျားပေ ၁၅၀၀၀၊ အမြင့် ၅၇ပေရှိပြီး လယ်မြေဧက ၄၀၀ ဆည်ရေပေးဝေနိုင်မည့် ဂွေးချိုရေလှောင်တမံနှင့် ရေထိန်းမျှော်စင်ကို ရှင်မတောင်တောင်တန်း နောက်ခံပြု၍ ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-မြန်မာ့အလင်း)

အီရတ်စစ်ပွဲ အဆုံးသတ်ရန် ဝါရှင်တန်၌ ပြည်သူတစ်သိန်းခန့် ဆန္ဒပြ ဆန္ဒပြသူ ၂၀၀ ခန့် ဖမ်းဆီးခြင်းခံရ

ဝါရှင်တန် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံအား ကျူးကျော်ထားမှုအဆုံးသတ်ရေးအတွက် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် စက်တင်ဘာ ၁၇ရက်က လူတစ်သိန်းခန့် ချီတက်ဆန္ဒပြ ကန့်ကွက်ခဲ့ကြသည်။

အီရတ်စစ်ပြန်များ၊ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့်ပြည်သူထောင်ပေါင်းများစွာပါဝင်သော ဆန္ဒပြသူများသည် ဝါရှင်တန်မြို့ရှိ အိမ်ဖြူမှ အမေရိကန်ကွန်ဂရက်လွှတ်တော်အဆောက်အအုံသို့ စုဝေးချီတက်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ထိုသို့ အီရတ်နိုင်ငံအား ကျူးကျော်သိမ်းပိုက်မှုအဆုံးသတ်ရေးတောင်းဆိုဆန္ဒပြသူများသည် လမ်းမကြီးတစ်လျှောက် ထူထပ်သိပ်သည်းစွာဆန္ဒပြခဲ့ရာ အဆိုပါဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက အတင်းအဓမ္မရိုက်နှက်တားဆီးဟန့်တားပြီး ဖမ်းဆီးခဲ့သဖြင့် ဆန္ဒပြသူ ၂၀၀ ခန့်တို့ အဖမ်းခံခဲ့ရကြောင်းသိရသည်။ ရဲတပ်ဖွဲ့ဝင်များက ဦးဆောင်ဆန္ဒပြသူများကို ရိုက်နှက်ဟန့်တားဖမ်းဆီးခဲ့ပြီး ဆန္ဒပြပွဲ၌ ပါဝင်ဆန္ဒပြသူအများအပြားမှာလည်း ဖမ်းဆီးခြင်းခံခဲ့ရသည်။

အမေရိကန်နိုင်ငံတွင် ယခုကဲ့သို့ ဆန္ဒပြမှုသည် နှစ်အနည်းငယ်အတွင်း အကြီးမားဆုံး ဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ ကြမ်းတမ်းစွာ အတင်းအဓမ္မရိုက်နှက်ဖမ်းဆီးခံရသူ အများဆုံးဖြစ်ကြောင်း သိရသည်။ ***အင်တာနက်။***

စက်တင်ဘာ ၁၇ ရက်က ဝါရှင်တန်မြို့တွင် အီရတ်စစ်ပွဲ ဆန့်ကျင်ရေး ဆန္ဒပြသူတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါးဂိုဏ်းများမှ လာဘ်ယူသည့်ရဲတပ်ဖွဲ့ဝင်များ အဖမ်းခံရ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၈

ဘရာဇီးနိုင်ငံတွင် မူးယစ်ဆေးဝါးဂိုဏ်းများထံမှ လာဘ်ယူခဲ့သည်ဟု စွပ်စွဲခံရသော ရဲတပ်ဖွဲ့ဝင် ၅၇ ဦးကို ရီယိုဒီဂျနေးရိုးပြည်နယ် ရဲတပ်ဖွဲ့က တနင်္လာနေ့တွင် ဖမ်းဆီးလိုက်ကြောင်း အင်ဟွာသတင်းတွင် ဖော်ပြသည်။

ရီယိုဒီဂျနေးရိုးမြို့ ဆင်ခြေဖုံးရှိဒုစရိုက်မှုခင်း အများဆုံး ပေါ်ပေါက်ရာ ဘေဇာဒါ ဖလမ်မင်နီအရပ်တွင် ယင်းဖမ်းဆီးမှုများကို ပြုလုပ်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘင်္ဂလားဒေ့ရှ်မှ အိန္ဒိယသို့ အထည်အလိပ် တိုးမြှင့်တင်ပို့နိုင်မည်

ဒါကာ စက်တင်ဘာ ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ အထည်အလိပ်ပစ္စည်းများကို တိုးမြှင့်တင်ပို့လာနိုင်မည် ဖြစ်ကြောင်း စက်တင်ဘာ ၁၇ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ နှစ်နိုင်ငံတာဝန်ရှိသူများ လက်မှတ်ရေးထိုးလိုက်သည့် နားလည်မှု စာချွန်လွှာတစ်ရပ်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယသို့ အထည်အလိပ် တင်ပို့ရောင်းချရာတွင် အကောက်အခွန်လွတ်ငြိမ်းခွင့် ရရှိမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အထည်အလိပ် ထုတ်ကုန်ပစ္စည်းများအပေါ်တွင် အကောက်ခွန် ကောက်ယူခြင်းမပြုရန် အိန္ဒိယအစိုးရအဖွဲ့က အိန္ဒိယအကောက်ခွန်အာဏာပိုင်များထံ ညွှန်ကြားမည် ဖြစ်ကြောင်းသတင်းတွင် ဖော်ပြထားသည်။

အထည်အလိပ်ထုတ်ကုန်ပစ္စည်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ အများဆုံးရှာဖွေပေးသည့်လုပ်ငန်းဖြစ်သည်။ ယင်းနိုင်ငံသည်အိန္ဒိယနိုင်ငံအပြင် ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ထိုင်းနိုင်ငံတို့သို့လည်း အထည်အလိပ်ထုတ်ကုန်ပစ္စည်းများတိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ***အင်တာနက်။***

ဒင်ညုမြစ် သန့်ရှင်းရေး တိုက်တွန်းနှိုးဆော်

ဘူဒါပက် စက်တင်ဘာ ၁၇

ထီးအစိမ်းများ ဆောင်းထားသည့် လူ၄၀၀၀ခန့်က ဒင်ညုမြစ် ရေညစ်ညမ်းမှု အလေးထားရန်နှင့် ဘူဒါပက်မြို့၏ သဘာဝပတ်ဝန်းကျင် ရှင်းလင်းရန် လိုအပ်သည်ဟု စနေနေ့က တိုက်တွန်းနှိုးဆော်ကြောင်း အမ်တီအိုင်သတင်းဌာနက ဖော်ပြသည်။

ယင်းလှုပ်ရှားမှုသည် ဘူဒါပက်မြူနီစီပယ်အစိုးရနှင့် ဂူလမ်မြို့တို့က ကြီးမှူးကျင်းပသည့် ဒင်ညုမြစ် ညီလာခံ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။ ဒင်ညုမြစ်တစ်လျှောက်ရှိ နိုင်ငံများ၊ ဒေသများ၊ မြို့ပြ ယဉ်ကျေးမှု၊ စီးပွားရေးနှင့်နိုင်ငံရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ရန် တွေ့ဆုံခဲ့ကြသည်။

ဒင်ညုမြစ်သန့်ရှင်းရေးကိစ္စကို ဥရောပဒေသ၏ ထိပ်တန်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ်ထားကာ ဆောင်ရွက်ကြရန် ဘူဒါပက်မြို့တော်ဝန် ဂါဘော်ဒင်မ်စကီးက တိုက်တွန်းသည်။

ထီးစိမ်းများကိုင်ဆောင် သို့တည်းမဟုတ် ဆောင်းထားခြင်းသည် စပိန်အနုပညာရှင် မိတ်ဒါလိုပက်ဇ်၏ အယူအဆဖြစ်ပြီး သဘာဝပတ်ဝန်းကျင်သာယာစေရေးအတွက် လူတိုင်းတာဝန်ကိုယ်စီရှိပုံကို တိုက်တွန်းသည့်သဘောဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆီအုန်းစိုက်ခင်းများတိုးချဲ့မှု လူဝံကျက်စားရာဒေသ ထိခိုက်နိုင်

ဂျကာတာ စက်တင်ဘာ ၁၇

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းတွင် ဆီအုန်းစိုက်ခင်းများ တိုးချဲ့ခြင်းဖြင့် အူရန်ဂူတန်လူဝံများ၏ နေထိုင်ကျက်စားရာဒေသများ ထိခိုက်လာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှူးများက စက်တင်ဘာ၁၆ ရက်တွင် သတိပေးလိုက်ကြသည်။

ဘော်နီယိုကျွန်းရှိ သစ်တောဒေသများကို ခုတ်ထွင်ရှင်းလင်းကာ ဆီအုန်းပင်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် အူရန်ဂူတန်လူဝံများ နေထိုင်ကျက်စားရန် ခက်ခဲလာမည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးမှူးများက ပြောကြားကြသည်။

အသုံးပြု

ကမ္ဘာ့အပူပိုင်းဒေသရှိ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတွင် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်း အဓိကအရေးပါသည်။ အင်ဒိုနီးရှားနိုင်ငံနည်းတူ အိမ်နီးချင်း မလေးရှားနိုင်ငံတွင်လည်း ဆီအုန်းစိုက်ခင်းများကို တိုးချဲ့လျက်ရှိသည်။ ဆီအုန်းသည် စက်မှု ကုန်ကြမ်းသီးနှံဖြစ်ပြီး ဆပ်ပြာထုတ်လုပ်ရေးလုပ်ငန်းမှသည် ချောကလက်နှင့် နှုတ်ခမ်းနီ ထုတ်လုပ်ရေးလုပ်ငန်းများအထိ ဆီအုန်းကို ကုန်ကြမ်းအဖြစ်အသုံးပြုသည်။

ဆီအုန်းပင်မှ ထွက်ရှိသည့်ဆီကို ပြုပြင်ပြီး မော်တော်ယာဉ်လောင်စာအဖြစ် အသုံးပြုနိုင်သည်။ ယင်းလောင်စာသည် သမားရိုးကျလောင်စာများထက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ပိုမိုနည်းပါးပြီး လောင်စာအတွက် ကုန်ကျစရိတ် သက်သာစေနိုင်သည်။ ***အင်တာနက်။***

ဂျပန်နိုင်ငံ အောလ်နီပွန်လေကြောင်းလိုင်းမှ ဘွမ်ဘာဒီးယားကျူ ၄၀၀ အမျိုးအစား လေယာဉ်တစ်စင်းကို စက်တင်ဘာ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အိန္ဒိယတောင်ပိုင်း၌ ဘတ်စ်ကားရေတွင်းထဲကျ ၁၀ဦးသေဆုံး

နယူးဒေလီ စက်တင်ဘာ ၁၇

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် စနေနေ့က ခရီးသည်များ တင်ဆောင်လာသည့် ဘတ်စ်ယာဉ်တစ်စီး လမ်းချိုးကွေ့ရာမှ ရေတွင်းထဲသို့ထိုးကျသွားသဖြင့် ခရီးသည် ၁၀ ဦးထက်မနည်းသေဆုံးခဲ့ကြောင်းဆင်ဟွာသတင်းအရသိရှိရသည်။

ယင်းဖြစ်ရပ်ကြောင့် ၁၂ဦး ဒဏ်ရာရရှိခဲ့ပြီး ကာနာတာကာပြည်နယ် ပါသန်နဟာလီတွင် ဖြစ်ပွားခဲ့သည်ဟု ပီတီအိုင်သတင်းဌာနကဖော်ပြသည်။

ယင်းမတော်တဆဖြစ်ရပ် သတင်းကို ပြည်နယ်အစိုးရကဖော်ပြခြင်းဖြစ်သည်။ အဆိုပါ ဘတ်စ်ကားသည် ခရီးသည် ၄၀ ခန့်အထိ တင်ဆောင်လာခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြကြောင်း တပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူဦးရေသည် ပိုမိုများပြားလာနိုင်ပြီး ဘတ်စ်ကားနှင့် ခရီးသည်များဆွဲထုတ်နိုင်ရန်အတွက် ဝန်ချီစက်များအသုံးပြုနေရသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါဘတ်စ်ယာဉ်သည် ရေမြောင်းတစ်ခုကျော်ဖြတ်ရာတွင် ယာဉ်မောင်းကအရှိန်မထိန်းနိုင်ဖြစ်ပြီး ရေတွင်းထဲသို့ထိုးကျခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံ မော်စကိုမြို့ ဓာတ်ခွဲခန်းတွင် မျှော့များကို အသုံးပြု၍ ရောဂါကုသမှုခံရန် အစမ်းသပ်ခံနေသူ အမျိုးသမီးတစ်ဦးကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်၌ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ သန်း ၆၀၀ ကျော် ရှိဟုဆို

ပေကျင်း စက်တင်ဘာ ၁၇

တရုတ်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်း သုံးစွဲသူသန်း ၆၀၀ ကျော်ရှိကြောင်း အထက်တန်းတာဝန်ရှိသူတစ်ဦးက စက်တင်ဘာ ၁၇ ရက်တွင် ပြောကြားသည်။

တိုးပွားလာ

တရုတ်နိုင်ငံတွင် လွန်ခဲ့သည့် နှစ်ကုန်ကာလကထက် မိုဘိုင်းလ်ဖုန်းသုံးစွဲသူဦးရေ ၄၀ ဒသမ ၅၆သန်း ပိုမိုတိုးပွားလာကြောင်း၊ ယင်းမှာ ပျမ်းမျှအားဖြင့် တစ်လလျှင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၆ဒသမ ၇၆သန်း တိုးလာခြင်းပင်ဖြစ်ကြောင်း ကွမ်တုန်ပြည်နယ် ကွမ်ကျိုးမြို့၌ ကျင်းပသည့် ဆွေးနွေးပွဲတွင် တရုတ်သတင်းအချက်အလက် နည်းပညာလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ရေဒီယိုအုပ်ချုပ်ရေးဗျူရိုဒုတိယ ညွှန်ကြားရေးမှူး ဇီဖေဘိုက ပြောကြားသည်။

တရုတ်နိုင်ငံတွင် ကြိုးဖုန်းသုံးစွဲသူဦးရေမှာမူ တိုးတက်မှုနှုန်း နည်းပါးလျက်ရှိကြောင်း၊ ကြိုးဖုန်းသုံးစွဲသူဦးရေသည် လွန်ခဲ့သည့်နှစ်ကုန်ကထက် ၄ဒသမ၂၆သန်းတိုးကာ ၃၇၂ သန်းအထိ ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အင်တာနက်။***

ကန်နှင့် အနောက်အုပ်စု မဟာဗျူဟာအမှားကြောင့် အီရတ်နှင့် အာဖဂန်တွင် ရှုံးနိမ့်နေရဟုဆို

အော့တဝါ စက်တင်ဘာ ၁၇

အကြမ်းဖက်သမားများ၏ သဘောသဘာဝနှင့် ရည်မှန်းချက် အစစ်အမှန်ကို သဘောမပေါက်ခြင်းနှင့် မှားယွင်းသော မဟာဗျူဟာကို ကျင့်သုံးမိခြင်းတို့ကြောင့် အမေရိကန်နှင့် အနောက်အုပ်စုသည် အီရတ်နှင့် အာဖဂန်စစ်မျက်နှာတွင် ရှုံးနိမ့်မှုနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်ဟု စီအိုင်အေဝန်ထမ်းဟောင်း တစ်ဦးဖြစ်သူ မိုက်ကယ်ရှုရာက စက်တင်ဘာ ၁၆ ရက်တွင် ဝေဖန်ပြောကြား သည်။

မကျေနပ်

အီရတ်နှင့် အာဖဂန်နစ္စတန် အပါအဝင် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အခြေအနေများသည် အိုစမာဘင်လာဒင်နှင့် ၎င်း၏ နောက်လိုက်များက ထားရှိသောစံများနှင့် အနောက်နိုင်ငံများက တန်ဖိုးထားသော နှုန်းစံများ ကွဲပြားနေ၍ မဟုတ်၊ အနောက်နိုင်ငံများက အရှေ့အလယ်ပိုင်း၌ ထားရှိကျင့်သုံးနေသောမူဝါဒများကိုမကျေနပ်ကြသောကြောင့်သာ ယခုကဲ့သို့ အခက်အခဲများ ဖြစ်ပေါ်နေရခြင်းဖြစ်သည်ဟု မိုက်ကယ်ရှုရာက ပြောကြားသည်။

၎င်းသည် အမေရိကန် ဗဟိုထောက်လှမ်းရေး စီအိုင်အေတွင် ၂၂နှစ် တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦး ဖြစ်ပြီး ကနေဒါ ရုပ်သံနှင့် တွေ့ဆုံမေးမြန်းခန်းတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနိုင်ငံ မော်စကိုလေယာဉ်ကွင်း၌ အမ်အိုင်ဂျီ–၂၉ တိုက်လေယာဉ်သစ်တစ်စင်းကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကနေဒါအအေးနိုင်ငံတွင် နွေရာသီအပူချိန်များ ပုံမှန်ထက်မြင့်တက်

အော့တဝါ စက်တင်ဘာ ၁၇

ကနေဒါနိုင်ငံ၏ နွေရာသီများသည် ပူသည်ထက်ပူပြင်းလာသည့် အလားအလာကို တွေ့မြင်နေရပြီဖြစ်ပြီး ၂၀၀၇ ခုနှစ် နွေရာသီသည်လည်း ပုံမှန်ထက်ပူပြင်းနေသည်ကို တွေ့ရသည်ဟု သဘာဝဝန်းကျင် လေ့လာရေးသမားများက စက်တင်ဘာ ၁၆ ရက်တွင် ပြောကြားသည်။

ကမ္ဘာပေါ်တွင် ရာသီဥတု အအေးဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံသည် ယခုအခါ နွေရာသီများ၌ ပုံမှန်ထက်ပူပြင်းနေသည်ကို ခံစားကြရသည်။ ပြီးခဲ့သော နွေရာသီတွင်ဖြစ်ပေါ်ခဲ့သော အပူချိန်သည် ပုံမှန်ထက် သုည ဒသမ ၉ ဒီဂရီ ပို၍မြင့်မားနေသည်။ ကနေဒါနိုင်ငံတွင် ရာသီဥတုအခြေအနေများကို ၁၉၄၈ ခုနှစ်မှစ၍မှတ်တမ်းများ ပြုစုထားသည်။ နွေရာသီကာလ၏ အပူချိန်ကို လေ့လာလျှင် ပျမ်းမျှရှိနေသော အပူချိန်ထက် ယခုကာလ ဖြစ်ပေါ်လာသော အပူချိန်သည် တစ်ဒီဂရီမျှ ပို၍မြင့်တက်နေသည်ဟု ဆိုသည်။ ပြီးခဲ့သော ဆယ်စုနှစ်ကာလအတွင်း နွေရာသီအချိန်တွင်ဖြစ်ပေါ်သည့် အပူချိန်သည် ပျမ်းမျှအပူချိန်အောက် ကျဆင်းသွားသည်ဟု မရှိဘဲ ပို၍မြင့်သော အခြေအနေ၌သာ တည်ရှိနေခဲ့သည်။

ထိုအခြေအနေများသည် သိပ္ပံပညာရှင်များ တွက်ဆထားသည့်အတိုင်း ကမ္ဘာကြီးပို၍ ပူနွေးလာသည်၊ ရာသီဥတုပြောင်းလဲလာသည်ဟူသော အချက်များနှင့် ကိုက်ညီမှုရှိနေသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဖဂန်နစ္စတန်တွင် စစ်သွေးကြွ ၁၂ဦး သေဆုံး

ကဘူး စက်တင်ဘာ ၁၇

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် စက်တင်ဘာ ၁၅ ရက်က အာဖဂန်ရဲတပ်ဖွဲ့နှင့် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များက တာလီဘန်စစ်သွေးကြွ ၁၂ ဦးကို သတ်ဖြတ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ဟယ်မန်းပြည်နယ် ဆန်ဂင်ခရိုင်တွင် ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် တာလီဘန်သူပုန်အများအပြား တိုက်ပွဲဖြစ်ပွားခဲ့ကြောင်း စစ်ဘက်တာဝန်ရှိသူက ပြောကြားသည်။

ဟယ်မန်းပြည်နယ်သည် တာလီဘန်စစ်သွေးကြွများ၏ ခြေကုပ်နေရာဖြစ်ပြီး အစိုးရပစ်မှတ်များနှင့် နိုင်ငံခြားတပ်ဖွဲ့များအား မကြာခဏ တိုက်ခိုက်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီတလီနိုင်ငံ ရောမမြို့တွင် ပြုလုပ်သော ဖက်ရှင်ပြပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြသော မော်ဒယ်များကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကယ်လီဖိုးနီးယားကမ်းခြေတွင် ပေ ၇၀ ရှိ ဝေလငါးတစ်ကောင် သေဆုံး

လော့စ်အိန်ဂျလိစ် စက်တင်ဘာ ၁၇

လော့အိန်ဂျလိစ်မြို့ အနောက်မြောက်ပိုင်း ကီလိုမီတာ ၅၀ ခန့်အကွာ ဗင်တူရာစီရင်စုကမ်းခြေ တစ်ခုတွင် ပေ ၇၀ရှိ အပြာရောင်ဝေလငါး တစ်ကောင် သေဆုံးနေသည်။

သိပ္ပံပညာရှင်များ ဝေလငါးတွေ့ရှိရာနေရာသို့ သွားရောက်ပြီး ကြီးမားလှသော ဝေလငါးခန္ဓာကိုယ်ကို စူးစမ်းလေ့လာကြသည်။

စူးစမ်းလေ့လာ

ကမ္ဘာပေါ်တွင် အကြီးဆုံး သတ္တဝါ အပြာရောင်ဝေလငါးသည် ဆန်တာဘာဘရာရေလက်ကြားကို ဖြတ်ပြီး ကယ်လီဖိုးနီးယား ကမ်းခြေဒေသသို့ ပြောင်းရွှေ့နေထိုင်လာကြောင်း၊ ဟော့ဆွန်ကမ်းခြေ ကျောက်ဆောင်များအတွင်း၌အဘယ့်ကြောင့် သေဆုံးရသည်ကို မသိရသေးကြောင်း၊ သိပ္ပံပညာရှင်များက သေဆုံးသည့် ဝေလငါးကို စူးစမ်းလေ့လာရန် နမူနာအသားစများ ယူကြသည်။

အပြာရောင်ဝေလငါး သေဆုံးရခြင်းကို စုံစမ်းစစ်ဆေးစဉ် အမေရိကန်ရေတပ်က အင်အားပြင်း ဆိုနာ အသံလှိုင်းဖြင့် ရေအောက်ဝတ္ထုတို့၏ တည်နေရာကို ရှာဖွေသော ကိရိယာကို လျှပ်စစ်ကူး စမ်းသပ်ခြင်းကြောင့် ဝေလငါးများနှင့် အခြားသမုဒ္ဒရာနို့တိုက်သတ္တဝါများ မခံမရပ်နိုင်သော ဝေဒနာခံစားရကြောင်း သမုဒ္ဒရာဆိုင်ရာ သဘာဝဝန်းကျင် ထိန်းသိမ်းသူများက အပြစ်တင်ခဲ့သည်။***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ၌ ဗုံးခွဲတိုက်ခိုက် ကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် စက်တင်ဘာ ၁၇

လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး၊ လေးဦးထိခိုက်ဒဏ်ရာ ရရှိကြောင်း အမေရိကန်စစ်ဘက် ဆိုင်ရာက စက်တင်ဘာလ ၁၆ ရက်တွင် ပြောကြားသည်။

မရိန်းတပ်ဖွဲ့များသည် စက်တင်ဘာ ၁၄ ရက်နေ့က ကင်းလှည့်နေစဉ် အတွင်း တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာက ဖော်ပြထားသည်။ သို့သော် မည်သည့်နေရာ၌ ဖြစ်ပွားခဲ့ခြင်းကို တိတိကျကျ ဖော်ပြနိုင်ခြင်း မရှိပေ။

ထိုမရိန်းတပ်ဖွဲ့မှာ အမျိုးသားနိုင်ငံစုံအဖွဲ့ဟုခေါ်ပြီး ဘဂ္ဂဒက်မြို့တော် တောင်ဘက်စွန်းရှိ ကြီးမားကျယ်ပြန့်သော ဒေသနှင့် ဆော်ဒီအာရေဗျနယ်စပ်မှ အီရန်နယ်စပ်အထိ လုံခြုံရေးအတွက် တာဝန်ယူ ဆောင်ရွက်ရသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားတွင် ရဟတ်ယာဉ်ပျက်ကျ ခြောက်ဦးထက်မနည်း သေဆုံး

မော်စကို စက်တင်ဘာ ၁၇

ရုရှားနိုင်ငံ အရှေ့ဖျားဒေသတွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခြင်းကြောင့် ခြောက်ဦးထက်မနည်းသေဆုံးခဲ့ရသည်ဟု အီတာတပ်စ်သတင်းဌာနက စက်တင်ဘာ ၁၆ ရက်တွင် ဖော်ပြသည်။

ပျက်ကျသွားသော ရဟတ်ယာဉ်မှာ အမ်အိုင်–၈ အမျိုးအစားဖြစ်ပြီး ထိုရဟတ်ယာဉ်ပေါ်တွင် ယာဉ်အဖွဲ့သားသုံးဦးနှင့် ခရီးသည်လေးဦးတို့ လိုက်ပါသွားသည်။ ယင်းရဟတ်ယာဉ်ပျက်ကို မက်ကာဒန်အရပ်၌ စနေနေ့တွင် ရှာဖွေတွေ့ရှိခဲ့ရာ ရဟတ်ယာဉ်မှူးတစ်ဦးသာ အသက်ရှင်ကြောင်း တွေ့ရသည်ဟု ဒေသခံ ကယ်ဆယ်ရေးအဖွဲ့က ပြောကြားသည်။

ဒေသဆိုင်ရာ သစ်တောထိန်းသိမ်းစောင့်ရှောက်ရေးဌာနက ပိုင်ဆိုင်သော ယင်းရဟတ်ယာဉ်သည် ဘာဂါလီမြစ်ဆီသို့ ပျံသန်းနေစဉ် ဆူရူတပ်စ်တောင်အနီး၌ ပျက်ကျသွားပြီးနောက် မီးလောင်ကျွမ်းသွားသည်ဟု အာဏာပိုင်များက ပြောကြားသည်။ ထိုရဟတ်ယာဉ်အမျိုးအစားသည် စစ်ဘက်နှင့် အရပ်ဘက် ပျံသန်းရေးလုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုသော အမျိုးအစားဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို စက်တင်ဘာ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇ခုနှစ် အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၇ခုနှစ်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အချက်အပြုတ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်အနောက်ပိုင်းခရိုင်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်ကလည်းကောင်း၊ ဒုတိယဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက လည်းကောင်း၊ တတိယဆုရ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အထူးဆုရ ရန်ကုန်တောင်ပိုင်းခရိုင်တို့အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ကျန်းမာရေးနှင့် အာဟာရ ဖွံ့ဖြိုးရေးဌာနမှ ဌာနမှူး Prof. Osamu Kunii တို့က ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင် မိခင်များအား ဗိုက်ဖရှုန်သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများကို ပေးအပ်ကြသည်။

ယနေ့နံနက် ၇နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၌ နို့တိုက်မိခင် အာဟာရ အချက်အပြုတ် ပြိုင်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့်ဧည့်သည်တော်များသည် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ယှဉ်ပြိုင်ချက်ပြုတ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အချက်အပြုတ် ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန် အနောက်ပိုင်းခရိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားစေရန်၊

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊

(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများရှင်သန် ထွန်းကားပြန့်ပွားရန်၊

(၄) လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊

(၅) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စာပေနှင့်စာနယ်ဇင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၆ရက်ကကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းမြင့်(ပြည်ဘုန်းမြင့်)က အမှာစကား ပြောကြားသည်။ ထို့နောက် စတုတ္ထအကြိမ်ညီလာခံအတွေ့အကြုံများကို ဦးဘုန်းမြင့်(ပြည်ဘုန်းမြင့်)ကရှင်းလင်းပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့အစီရင်ခံစာကို အတွင်းရေးမှူးဦးလှကြည်(မောင်လှကြည်)က ဖတ်ကြားအတည်ပြု၍ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးသန်းနိုင်(မြတ်သူစံ-ဝါးခယ်မ)က ဖတ်ကြားအတည်ပြုကာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုကြပြီး အစည်းအဝေးကိုရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

လေထုအရည်အသွေး တိုင်းတာစစ်ဆေးခြင်း သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၁၈

ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အမှတ် (၁၁-က) အောက်ကြည့်မြင်တိုင်လမ်း အလုံမြို့နယ်ရှိ လုပ်ငန်းခွင် ကျန်းမာရေးဌာနခွဲ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာစိုးတင့်**(ဝဲပုံ)** သင်တန်းဖွင့်အမှာစကား ပြောကြားပြီး လေထုအရည်အသွေးတိုင်းတာစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို မြန်မာနိုင်ငံတွင် ၂၀၀၈ခုနှစ် ဇန်နဝါရီလမှစတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ပထမဆုံးအကြိမ် ဆောင်ရွက်မှုဖြစ်ခြင်းနှင့် ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြီးဆောင်ရွက်ခြင်းဖြစ်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ၊ သင်တန်းသားများနှင့် လေ့လာသူ ၄၀ တက်ရောက်ပြီး သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်သည်။ (ကြေးမုံ)

မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် စက်တင်ဘာ ၁၄ရက်က မော်လမြိုင်မြို့ အရှေ့ရှမ်းကုန်း အောက်ကျင်းရပ်ကွက် မောင်ကလေးလမ်းနေ အလှူရှင် ဒေါ်ကျင်ဆိုင် မွေးနေ့အထိမ်းအမှတ်အဖြစ် ငွေကျပ်တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူစဉ်။ (က-ပ)

သန်လျင် အထက(၄) ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁၅ ရက် နံနက် ၉နာရီတွင် ယင်းကျောင်းခန်းမဆောင်၌ ကျင်းပရာ မိဘဆရာအသင်း နာယကများဖြစ်ကြသော ဗိုလ်မှူးမြင့်အေး(ငြိမ်း)၊ဗိုလ်ကြီးတင်အေး(ငြိမ်း)၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအေးထွဋ်နှင့် ကျောင်းအုပ် ဆရာမကြီး ဒေါ်ခင်မြင့်သိန်းတို့က အမှာစကားပြောကြားကြပြီး ၂၀၀၆-၂၀၀၇ပညာသင်နှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် မစုမြတ်သီ**(အောက်ပုံ)**၊ လေးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၁၀ဦးနှင့် အတန်းအသီးသီးတို့၌ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ ခွင့်ရက်မပျက် ဆရာဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၅ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၃။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုယ့်အချစ်ဆုံး" (အပိုင်း-၇)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ English Usage
၁၉။ ဗွီစီဒီကျော်ကြားတေးများ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဒဏ်ရာများနှင့် နှလုံးသား" (အပိုင်း-၂)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖျာပုံ၊ ဟင်္သာတနှင့် အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သစ်တောရေးရာ)

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည့် ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)သို့ တက်ရောက် အမှာစကားပြောကြားသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟင်္သာတမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသော ဆရာတော် သံဃာတော်များအား သွားရောက်ဖူးမြော်ကြပြီး ဆေးဝါးကုသရန် အလှူငွေကျပ်ခြောက်သိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် ငွေးကုန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရေဝတရဓမ္မနှင့် ဗဟိုသံဃာ့ဝန်ဆောင် စံကျောင်းဆရာတော် အဂ္ဂမဟာကျော် ဘဒ္ဒန္တစက္ကိန္ဒတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းတွင်အင်္ဂပူမြို့ မြို့မ(မြောက်)အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲကို တက်ရောက်အားပေးကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၇)သို့ တက်ရောက်အားပေး အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်း စက်ခလုတ်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့ ကြပ်ခေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျောင်းဆောင်သစ်ကို ငွေကျပ်သိန်း ၁၀၀အကုန်အကျခံ တည်ဆောက်ရန် မြေနေရာ ရွေးချယ်ပေးသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့ ထူးကြီးကျေးရွာ ဇေတဝန်ကျောင်း ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်လက်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အလျားပေ ၉၀၊ အနံပေ ၃၀ရှိ ကိုတ္တော အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကံဦးကျောင်းတိုက် မုံလယ်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၁၈

ပဲခူးတိုင်း ဝေါမြို့ ကံဦးကျောင်းတိုက် ပထမအကြိမ် မိုးကုတ်ဝိပဿနာ မုံလယ်တောရ ခုနစ်ရက်တရားစခန်းကို တော်သလင်းလပြည့်ကျော် ၂ရက်မှ ၈ရက်(၂၈-၉-၂၀၀၇ မှ ၄-၁၀-၂၀၀၇)အထိ ဖွင့်လှစ်မည်ဖြစ်သည်။

စခန်းပွဲတွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးက တရားချီးမြှင့်မည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူယောဂီများ စက်တင်ဘာ ၂၇ရက် ညနေအရောက် ကြွရောက်ပါရန် နှိုးဆော်ထားသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

AM&PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	အပျော်ဆုံးနေ့တရားတော် (ညောင်ပင်သာဆရာတော် ဘဒ္ဒန္တမာလာစာရ)
၇း၅၅-၁း၅၅	ဆီးချိုရောဂါကြောင့် မျက်စိအပေါ်သက်ရောက်မှုဆိုးကျိုးများ (ပါမောက္ခ ဒေါက်တာမြအောင်)
၈း၂၅-၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅-၂း၅၅	ကျန်းမာကြံ့ခိုင်သူတို့၏ စုပေါင်းသွေးလှူဒါန်းပွဲ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	Midweek Sports, News
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	ချမ်းမြေ့စေတာချမ်းမြေ့မှာ ထာဝရရိပ်သာ
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀-၄း၁၀	ဓမ္မဒူတအရှင်ဆေကိန္ဒ၏ စက္ခုဒါနမျက်စိအလင်းဓာတ်အလှူပွဲ
၁၀း၅၀-၄း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅-၄း၅၅	ဒါ ဇောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီကျော်၊ဆုပန်ထွာ)[ဒါရိုက်တာဝေဠု(ဝဿန်)]
၁၁း၁၀-၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	မွန်မြတ်လှတဲ့ သာသနာ့အမွေ
၁၁း၄၅-၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀-၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅-၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀-၆း၀၀	ဖြောင့်စင်းလှပ ဆံကေသာအလှ
၁၂း၁၅-၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀-၆း၂၀	International Video Topics (ထူးဆန်းထွေလာအီဂျစ်ကမ္ဘာ)
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Sporting-Man Utd	Star Sports(Live)
၁း၀၀	Barcelona-Lyon	ESPN(Live)
၃း၃၀	Arsenal-Sevilla	ESPN(SDD)

ရန်ကုန်အနောက်ပိုင်းခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်အနောက်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ကျင်းပသည်။

ဆုများချီးမြှင့်

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က အမှာစကား ပြောကြားပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် ပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ဆေးတိုက်ကျွေး

ယင်းနောက် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၃မြို့နယ်မှ ကိုယ်ဝန်ဆောင်မိခင် ၃၀ တို့အား သံဓာတ်ဆေးပြားနှင့် ဗီတာမင်(ဘီဝမ်း)၊ အိုင်အိုဒင်းဆား၊ ပဲနီလေးများဝေငှပြီး မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ် ၃၀တို့အား ဗီတာမင်အေဆေးလုံးများကို တိုက်ကျွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လွယ်အိတ်ကြီးသတင်းဆောင်းပါးဂျာနယ် အတွဲ(၁)၊ အမှတ် (၂၃)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၈

လွယ်အိတ်ကြီးဂျာနယ်အတွဲ(၁)၊ အမှတ် (၂၃)**(ယာပုံ)** တွင် မြန်မာနိုင်ငံ၌ကျင်းပမည့် အာဆီယံ လက်မှုအနုပညာ အကောင်းဆုံးလက်ရာ ဆုချီးမြှင့်ပွဲအတွက် စာနယ်ဇင်းတွေ့ဆုံရှင်းလင်း၊ ရန်ကုန်မြို့ပတ်ရထား လသုံးလက်မှတ်ဝယ်မှု သိသာစွာမြင့်တက်၊ အဆင့်မြင့် သရီးဂျီမိုဘိုင်းဖုန်း အလုံးရေသုံးသောင်း ရန်ကုန်မြို့တွင် အသုံးပြုနိုင်တော့မည်။ ၂၀၀၇ ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲကြီးတွင် လက်ရှိ ချန်ပီယံလုံးချောက စိန်ခေါ်သူ ဈာန်ထူးကို အမှတ်ဖြင့်အနိုင်ယူစသည့် ပြည်တွင်းသတင်းများ၊ ဒုတိယအကြိမ် နေကြတ်မည်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တိုက်ခတ်ခဲ့သော ဆူနာမီ၊ (၆၄)ကြိမ်မြောက် ရုပ်ရှင်ပွဲတော်၊ ဗင်းနစ်မြို့တော်မှာကျင်းပမည့် ပြည်ပသတင်းများ၊ မြတ်ကလောင် ပူဇော်သည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တစ်ဘဝသာသနာ ကျမ်းပြုဆရာတော် ဘဒ္ဒန္တဃောသိတ၏ ပဋိစ္စသမုပ္ပာဒ် အခြေခံ အနှစ်ချုပ် တရားတော်၊ ချစ်ဦးညို၏ ရာဇဝင်ဇာတ်ကားရုပ်ရှင်၊ မောင်ဆုရှင်၏ ရယ်မောတတ်ဖို့လိုသည်။ အိကြာကွေး၏ ဈေးဆစ်နည်းလေး ပေးလိုက်မယ်၊ မောင်တည်ငြိမ်၏ မင်္ဂလာရှိသောစာမျက်နှာ၊ သုမောင်၏ သာခုသုမောင် စာပေတိုက်ပွဲ၊ ဆောင်းဝင်းလတ်၏ စာကျစာကျန် အကြောင်းကံ၊ ခင်ပန်နှင်း၏ သခင်တင်မြ၏ ဘုံဘဝမှာဖြင့် ထက်ကြပ်မကွာ၊ ကိုရွှေတောသား၏ ပန်းကောင်းပန်တဲ့သူ၊ အောင်ဘု၏ သူတို့လည်းဗိုင်းရပ်စ်ဝင်ပြီ၊ နေသွေးစံ(ပုတီးကုန်း)၏တွေးကြည့်သွေးသိပါသည် စသည့် ဆောင်းပါးများ၊ စာစုများဖြင့် ကဏ္ဍစုံလင် ဝေဝေဆာဆာ ထုတ်ဝေလိုက်သည်။ ဂျာနယ်သို့ သတင်းနှင့် ဆောင်းပါး၊ စာမူများပေးပို့လိုပါက တာဝန်ခံအယ်ဒီတာ အမှတ် (၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၄၁၉၆ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးကာကွယ်ရေး ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၈

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးဆောင်၍ ယနေ့နံနက် ၇နာရီတွင် တာမွေမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များရှိ စာသင် စာချသံဃာတော်များအား ကျန်းမာရေးဖြည့်ဆည်းပံ့ပိုးမှုလုပ်ငန်းအဖြစ် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ကြသည်။

ထိုသို့ လုပ်ငန်းများဆောင်ရွက်ရာတွင် တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်လဲ့လဲ့ဝင်းဆွေနှင့် အလုပ်အမှုဆောင်အဖွဲ့သည် နတ်ချောင်းရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်သူနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးဦးသိန်းဝင်းနှင့် အမှုဆောင်များ၊ ရပ်မိ ရပ်ဖများနှင့်ပူးပေါင်း၍ နတ်ချောင်းရပ်ကွက်အတွင်းရှိ သာသနာ့ဗေယျမင်္ဂလာစာသင်တိုက်နှင့် ဓမ္မသုခစာသင်တိုက်များတွင် အသင်းပိုင်စက်ကြီးများဖြင့် ခြင်ဆေးဖျန်း၊ ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။**(အပေါ်ပုံ)**

(က-ပ)

တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပဲခူးမြို့ ကျွန်းသာယာယာဉ်ရပ်နားစခန်းဖွင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၈

ပဲခူးမြို့ ကျွန်းသာယာ အဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းဖွင့်ပွဲကို စက်တင်ဘာ ၉ရက် နံနက်ပိုင်းတွင် အဆိုပါ ယာဉ်ရပ်နားစခန်း၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်း၊ ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကျွန်းသာယာ အဝေးပြေးမော်တော်ယာဉ် ရပ်နားစခန်း အဆောက်အအုံ ဆိုင်းဘုတ်ကို တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပန်းဝါဆောက်လုပ်ရေးလုပ်ငန်း မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးအောင်က ကျွန်းသာယာ အဝေးပြေး မော်တော်ယာဉ်ရပ်နားစခန်းနှင့် ပတ်သက်သည့် ကိစ္စများကို ရှင်းလင်းတင်ပြပြီး အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းမြိုင်ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများထံ ဖွင့်ပွဲအထိမ်းအမှတ် အလံများကို မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမျိုးအောင်က ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ကျွန်းသာယာ အဝေးပြေး ယာဉ်ရပ်နားစခန်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စတင်ထွက်ခွာသည့် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ခရီးသည်များအား နှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပဲခူးမြို့ ကျွန်းသာယာ အဝေးပြေး ယာဉ်ရပ်နားစခန်းသည် လေးဧက အကျယ်အဝန်းရှိပြီး ကားဂိတ် ၆၄ခန်း၊ ဆိုင်ခန်းပေါင်း ၄၄ခန်း စုစုပေါင်း ၁၀၈ ခန်း ပါဝင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို ပဲခူးမြို့ ကျွန်းသာယာ အဝေးပြေး မော်တော်ယာဉ် ရပ်နားစခန်း အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ် ကျင်းပမြဲဖြစ်သော အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၆၉ ခုနှစ် နတ်တော်လဆန်း ၅ရက်၊ ၆ရက်နှင့် ၇ရက် (၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၁၄ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်)တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ(ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်စလုံးဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်စလုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်စလုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းလွှာများနှင့် ကြေညာချက်များကို သက်ဆိုင်ရာ စာဖြေဌာနများ တည်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများ၌ ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။(သတင်းစဉ်)

အသက်နှစ်ဆယ်အရွယ်များသို့ စာအုပ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ) ရေးသားသည့် အသက်နှစ်ဆယ်အရွယ်များသို့ စာအုပ်ထွက်ရှိသည်။**(ယာပုံ)**

အဆိုပါစာအုပ်တွင် စာရေးသူက အပျိုမ ပရိသတ် ဆယ်ကျော်သက် လူငယ်စာဖတ်သူတို့အတွက် ပေါ့ပေါ့ပါးပါးနှင့် စိတ်ဝင်စားအောင် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲရေး ပညာရပ်တို့ကို ရှင်းလင်းတင်ပြထားကြောင်း၊ လူမှုရေး၊ နိုင်ငံရေးအမြင်အချို့ကိုလည်း အနည်းအကျဉ်း ထည့်သွင်း ဖော်ပြထားကြောင်း တင်ပြထားသည်။

နိုင်စာပေ အမှတ်(၂၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၅၄၂၇၀မှ ဖြန့်ချိ၍ တန်ဖိုးငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီတို့၏ ကျောက်ပုထိုးရွှေထုတ်လုပ်ရေး သတ္တုတွင်းအား ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းနှင့် ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီ ဒါရိုက်တာ ဦးမောင်ကိုတို့ စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထာဝရကုမ္ပဏီ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စာချုပ် ချုပ်ဆို

နေပြည်တော် စက်တင်ဘာ ၁၈

သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂) သတ္တုတွင်းလုပ်ငန်းနှင့် ထာဝရသတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီတို့၏ ကျောက်ပုထိုး ရွှေထုတ်လုပ်ရေးသတ္တုတွင်းအား ရွှေသတ္တုထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်လုပ်ငန်း စာချုပ်ချုပ်ဆိုခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ရှေ့နေချုပ် ဦးအေးမောင်၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ ထာဝရသတ္တုတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းက စာချုပ် ချုပ်ဆိုခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ထာဝရသတ္တုတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီကိုယ်စား ဒါရိုက်တာ ဦးမောင်ကိုက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အမှတ်(၂) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်းနှင့် ထာဝရသတ္တုတူးဖော် ထုတ်လုပ်ရေးကုမ္ပဏီ ဒါရိုက်တာ ဦးမောင်ကိုတို့က စာချုပ်ကိုလက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ အရာတော်မြို့နယ်မှ ပါတီဝင် ခုနစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပဲဝက်ကျေးရွာနေ ဦးတင်အောင်၊ ဦးဆယ်ငွေ၊ဒေါ်သီတာ၊ ဒေါ်ခင်မာစိန်၊ဒေါ်သန်းရွှေ၊ ဦးကြည်အောင်နှင့် ဒေါ်တင်ချောတို့သည် စက်တင်ဘာ ၅ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲ သို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLDပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

လက်ခံ

1O1 HAIR REGROW CENTRE ဆံပင်ကျန်းမာရေး ဝန်ဆောင်မှုဌာနကိုယ်စား မန်နေဂျာ ဦးကျော်ကျော်နိုင်က စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် မဂ္ဂဇင်းမျိုးစုံ ၁၁၈အုပ်နှင့် စာစောင်မျိုးစုံ ၇၇၅ စောင်ကို လှူဒါန်းရာ မြို့နယ် ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေး လက်ခံယူစဉ်။ (မြို့နယ် ပြန်/ဆက်)

❒ ကျောဖုံးမှ

အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် ဝန်ဆောင်မှုပေးသော ဝန်ကြီးဌာနဖြစ်၍ ဝန်ဆောင်မှုကောင်းအောင် လုပ်ကိုင်ကြရေး၊ စိတ်ကောင်း စေတနာကောင်း ထားရှိလုပ်ကိုင်ကြရေး၊ အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းဖြစ်စေရေး၊ အသုံးစရိတ်ချွေတာရေး၊ ဌာနဝင်ငွေ တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ပန်းဆိုးတန်း-ဒလ ကူးတို့လမ်း ခရီးသည် နားနေဆောင်၌ ခရီးသည်များအား လက်မှတ် ရောင်းချနေမှု၊ ရေယာဉ်ပေါ်သို့ ခရီးသည်များ လိုက်ပါစီးနင်းမှု၊ ရန်ကုန်မြစ်အတွင်း ရေယာဉ်များ ဖြတ်သန်းသွားလာ ခုတ်မောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သယ်ယူပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ထမ်းနှင့် ရေယာဉ်အင်အားအခြေအနေ၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အခြေအနေ၊ လုပ်ငန်းများ ဖြန့်ဝေဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ လက်ထောက် အထွေထွေမန်နေဂျာ ဦးညွန့်အောင်က သယ်ယူပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ဆောင်မှုကို အလေးထား ဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်၍ ဝင်ငွေ တိုးတက်အောင် ဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် အသုံးစရိတ်များ အလေအလွင့်မရှိအောင် စနစ်တကျ ချွေတာသုံးစွဲကြရေး၊ ရေယာဉ်များ အချိန်မှန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် ခရီးသွားလာနိုင်ရေးတို့ကို မှာကြားပြီး ရန်ကုန်မြို့မှ မြောင်းမြမြို့သို့ ထွက်ခွာမည့် "ဗလကျော်သူ" ရေယာဉ်ကုန်များ တင်ဆောင်ထားမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း မှာကြားပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လူ့ပ်ရှားမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားလာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိ

ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သံဃာတော်အများစုကလည်း ယခုကဲ့သို့ ဆန္ဒပြဆူပူအကြမ်းဖက်မှုများကို မလိုလား

ဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်ရေးကိုသာ လိုလားလျက်ရှိ

တည်ငြိမ်အေးချမ်းမှုပျက်ပြားပါက အလုပ်အကိုင်များပျက်ပြားကာ စီးပွားရေး၊ စားဝတ်နေရေး ထိခိုက်မည်ကို စိုးရိမ်

ဆရာတော်ကြီးများအနေဖြင့် ပြည်သူ၏အကျိုးကိုရှေးရှုပြီး ဝိနည်းတော်များနှင့်အညီ ဩဝါဒပေး မိန့်ကြားထိန်းသိမ်းပေးရန် လိုလား

➪ ကျောဖုံးမှ

ထိုသို့ သွေးထိုးလှုံ့ဆော်မှုများနှင့် သံဃာထုအတွင်း အယောင်ဆောင် ဝင်ရောက်စည်းရုံးသွေးထိုး လုပ်ဆောင်မှုများကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီ ၁၅မိနစ်ခန့်မှစ၍ သံဃာအပါး ၅၀ခန့်က လမ်းလျှောက်ဆန္ဒပြမှု ဖြစ်ပွားခဲ့သည်။ ထိုဆန္ဒပြသံဃာအဖွဲ့သည် စစ်တွေမြို့ ဓမ္မစေတီကျောင်းနှင့် ရွှေစေတီကျောင်းအနီးမှ စတင်စီတန်းလမ်းလျှောက်ခဲ့ရာ မွန်းလွဲ ၂နာရီခန့် မင်းဘာကြီးလမ်းအရောက်တွင် သံဃာအပါး ၁၀၀ခန့် ရှိလာခဲ့ပြီး လမ်းဘေးဝဲယာနှင့် နောက်မှ လိုက်ပါကြည့်ရှုခဲ့သော လူထု ၅၀၀ ခန့် ရှိလာခဲ့သည်။

ထိုသို့ဆန္ဒပြမှုများတွင် မလိုလားအပ်သည်များ မဖြစ်ပေါ်စေရန် ထိန်းသိမ်းဖျောင်းဖျနိုင်ရေးအတွက် စစ်တွေမြို့တွင် သီတင်းသုံးနေထိုင်တော်မူသော ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးနှစ်ပါး၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့် ပြည်နယ်၊ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆန္ဒပြအုပ်စု၏ နောက်မှလိုက်ပါလာခဲ့ကြသည်။ ထိုလိုက်ပါလာသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာတော်ကြီးများအား ဆန္ဒပြအုပ်စုက ကျောက်ခဲများ၊ တုတ်များဖြင့် ပစ်ပေါက်၍ ရန်ပြုခဲ့ကြသည်။ တာဝန်ရှိသူများက တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုဘဲ အသာတကြည် နောက်မှလိုက်ပါခဲ့ကြသည်။

ဆန္ဒပြအုပ်စုသည် မင်းဘာကြီးလမ်းမှ ဆက်လက်စီတန်းလမ်းလျှောက်ခဲ့ကြရာ ညနေ ၃နာရီ ၁၀မိနစ်ခန့်တွင် ပြည်ထောင်စုလမ်းသို့ ရောက်ရှိခဲ့ကြသည်။ ပြည်ထောင်စုလမ်းတွင် တာဝန်ရှိပုဂ္ဂိုလ်များ ဖြစ်ကြသည့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ရင်းများကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး၊ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများက အသာတကြည် တားဆီး၍ လူစုခွဲကြရန် ဖျောင်းဖျပြောဆိုခဲ့ကြောင်း သိရသည်။

ထိုအခါ ဆန္ဒပြသူများအနက်မှ တုတ်၊ ဓား ကိုင်ဆောင်ထားသည့် သံဃာခြောက်ပါးခန့် အပါအဝင် ဆန္ဒပြသူအချို့သည် အေးဆေးစွာ တားဆီးဖျောင်းဖျသူ တာဝန်ရှိသူများအား အတင်းဝင်ရောက် ရိုက်နှက်ခဲ့ကြသည်။ ထိုသို့ရိုက်နှက်မှုများကြောင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးမှာ သုံးချက်အရိုက်ခံရပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဌာနခွဲစာရေးကြီး ဦးလှမောင်သာမှာမူ နဖူးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုကဲ့သို့ အကြမ်းဖက်မှုကို တားဆီးရန်အတွက် တာဝန်ရှိသူများက ကြိုးပမ်းထိန်းသိမ်းစဉ် အကြမ်းဖက်သူများထဲမှ တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ဦးလှမောင်သာအား ဆေးရုံသို့ပို့၍ ကုသခဲ့ရာ ဒဏ်ရာမှာ ခုနစ်ချက်ချုပ်၍ ကုသခဲ့ရကြောင်း သိရသည်။

ထိုကဲ့သို့ ဆန္ဒပြသူများက အကြမ်းဖက်အန္တရာယ်ပြုလာသည့်အတွက် အခြေအနေကို ထိန်းသိမ်းနိုင်ရန် မျက်ရည်ယိုဗုံးပစ်၍လည်းကောင်း၊ သေနတ်ကို မိုးပေါ်ထောင် ခြောက်လှန့်ပစ်ခတ်၍လည်းကောင်း လူစုခွဲခဲ့သဖြင့် ညနေ ၃နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့သည်။

သို့သော် ညနေ ၄နာရီခွဲခန့်တွင် သံဃာ ၅၀ ခန့်မှာ မင်းဘာကြီးလမ်းအတိုင်း ထပ်မံစီတန်းလမ်းလျှောက်ဆန္ဒပြလာခဲ့ပြီး ဘေးဝဲယာနှင့် နောက်ဘက်မှ လူ ၁၀၀ ခန့် ပါဝင်လာခဲ့သည်။ ၎င်းဆန္ဒပြအဖွဲ့သည် မေယုလမ်းပေါ်ရှိ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာပြီး ဖမ်းထားသူအား လွှတ်ပေးရန်ဟု အော်ဟစ်တောင်းဆိုကာ ၎င်းရုံးဝင်းတံခါးအား အတင်းတွန်းဖွင့်ခြင်း၊ အချို့ဆန္ဒပြသူများက အုတ်တံတိုင်းပေါ်ကျော်တက်၍ လေးခွနှင့်ပစ်ခြင်း၊ ခဲများဖြင့် ပစ်ပေါက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ တာဝန်ရှိသူများက ထိုသို့အကြမ်းဖက်ခြင်းမပြုရန် အော်ဟစ်ပြောဆို ဖျောင်းဖျတားဆီးခဲ့သော်လည်း ဆန္ဒပြသူများက နာခံခြင်းမရှိဘဲ လူအုပ်ဖြင့် ရုံးဝင်းအတွင်း ဝင်ရောက်အကြမ်းဖက်မည့် အခြေအနေသို့ ရောက်ရှိလာသည့်အတွက် ထပ်မံ၍ မျက်ရည်ယိုဗုံးပစ်ပြီး သေနတ်များ မိုးပေါ်ထောင် ဖောက်ကာ လူစုခွဲခဲ့ရပြန်သည်။

ထိုသို့ လူစုခွဲမှုကြောင့် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်တွင် လူစုကွဲသွားခဲ့သည်။ ထိုဆန္ဒပြဖြစ်စဉ်တွင် ဆန္ဒပြသူများ၏ လေးခွ၊ ခဲ၊ တုတ်များဖြင့် ပစ်ပေါက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ထပ်မံဒဏ်ရာရရှိခဲ့သည်။ သို့သော် တာဝန်ရှိသူများက သဘောထားကြီးစွာ အသာတကြည် ထိန်းသိမ်းဆောင်ရွက်မှုများကြောင့် ဆန္ဒပြ သံဃာတော်တစ်ပါးမျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ သံဃာတော်တစ်ပါးကိုမျှ ဖမ်းဆီးထိန်းသိမ်းခြင်းမရှိကြောင်းနှင့် ဆန္ဒပြလူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်မြို့တွင်လည်း သံဃာအပါး ၁၀၀ ခန့်သည် စက်တင်ဘာ ၁၈ ရက် မွန်းတည့် ၁၂နာရီအချိန်ခန့်မှစ၍ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းမှ ရွှေတိဂုံဘုရား၊ ၎င်းမှ ဆူးလေဘုရား၊ ၎င်းမှ ဗိုလ်တထောင်ဘုရားဘက်သို့ စီတန်းလမ်းလျှောက်ခဲ့ကြရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအပါအဝင် သံဃာဂိုဏ်းအသီးသီးမှ ဆရာတော်ကြီးများ၊ မြို့နယ် သံဃနာယကဆရာတော်ကြီးများက ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် မွန်းလွဲ ၂နာရီ ၅၅မိနစ်ခန့်တွင် လူစုကွဲသွားကြောင်း သိရှိရသည်။ အလားတူ အခြားသော မြို့အချို့တွင်လည်း သံဃာတော်အချို့ စီတန်းလမ်းလျှောက်မှုများ ရှိခဲ့ကြောင်း သတင်းများ ရရှိသည်။

ထိုကဲ့သို့ ပြည်တွင်းပြည်ပ အဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်လုပ်ဆောင်မှု၊ သံဃာထုအတွင်း အယောင်ဆောင် ဝင်ရောက်စည်းရုံးလုပ်ဆောင်မှုများကြောင့် သံဃာအချို့၏ လှုပ်ရှားမှုဖြစ်စဉ်များကို ကြားသိတွေ့မြင်ကြရသော ပြည်သူများအနေဖြင့် ထိုသို့လှုပ်ရှားမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားမည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်မှုများကို လိုလားခြင်းမရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားပါက အလုပ်အကိုင်များ ပျက်ပြားကာ စီးပွားရေး၊ စားဝတ်နေရေး၊ လူမှုရေးကိစ္စများ ထိခိုက်မည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဈေးဆိုင်ရှင်များအနေဖြင့်လည်း အကြမ်းဖက်မှု၊ မတည်ငြိမ်မှုများမှတစ်ဆင့် ၎င်းတို့၏လုပ်ငန်းများ ထိခိုက်ပျက်ပြားမည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ သို့ပါ၍ ဆရာတော်၊ သံဃာတော်များအနေဖြင့် အများပြည်သူတို့၏ အကျိုးကို မေတ္တာရှေ့ထားကာ သီတင်းသုံးကျင့်ကြံနေထိုင်စေလိုကြောင်းနှင့် ဆရာတော်ကြီးများအနေဖြင့်လည်း ပြည်သူ၏အကျိုးကို ရှေးရှုပြီး ဝိနည်းတော်နှင့်အညီ ဩဝါဒပေး မိန့်ကြားထိန်းသိမ်း ဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

ထို့အတူ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်အများစုတို့ကလည်း ယခုကဲ့သို့ လမ်းလျှောက်ဆန္ဒပြ ဆူပူအကြမ်းဖက်မှုများကို လိုလားမှုမရှိကြဘဲ ဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ်နေထိုင်ရေးကိုသာ လိုလားလျက်ရှိကြကြောင်းနှင့် မိမိတို့၏ စာသင်တိုက်၊ ကျောင်းတိုက်အသီးသီးတွင်လည်း အလားတူဖြစ်စဉ်မျိုးများ မဖြစ်ပွားစေရန် ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိကြကြောင်း သတင်းများ ရရှိသည်။ (သတင်းစဉ်)

2007

INTERNATIONAL DAY OF OLDER PERSONS
1st OCTOBER 2007

အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့
၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့

"TOWARDS A SOCIETY FOR ALL AGES"
"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် လမ်း ၅၀နေ ကွယ်လွန်သူ မိဘနှစ်ပါးနှင့် အစ်မကြီးများအား ရည်စူး၍ ညီမဖြစ်သူ ဒေါ်ခင်ဌေးဌေး မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသောင်းထွင်ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ အမှတ်-၉၈၊ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်)သို့ မိဘနှစ်ပါး ဦးသော်-ဒေါ်ရီရီတို့ကို ရည်စူး၍ ၇၄ လမ်း မောရဂီဝါရပ် မန္တလေးမြို့နေ ဒေါက်တာမိမိခိုင်၊ ဒေါက်တာမိမိကြိုင်၊ ဒေါက်တာသံလွင်ထွန်း၊ ဒေါက်တာအောင်ကေတု မိသားစုက ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လေးဒေါင့်ကန်မီးသတ်စခန်း စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၆ရက်နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန်မီးသတ်စခန်းရှိ အဆောက်အအုံများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လေးဒေါင့်ကန်မီးသတ်စခန်းရှိအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (မီးသတ်ဦးစီး)

ထို့နောက် ဝန်ကြီးသည် မီးသတ်ယာဉ် ကြံ့ခိုင်မှုအခြေအနေနှင့် စခန်းအတွင်းရှိ အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မီးသတ်ယာဉ် ကြံ့ခိုင်ရေးကို အမြဲမပြတ် စစ်ဆေးဆောင်ရွက်ရေး၊ စခန်းနှင့် အိမ်ရာဝန်းကျင်တို့၌ သန့်ရှင်းသပ်ရပ်စေရေးနှင့် နှစ်ရှည်သီးနှံပင်များ၊ ပန်းအလှပင်နှင့် စားဖိုဆောင် သီးနှံပင်များ စိုက်ပျိုးသွားရေး၊ ဝန်ထမ်းအိမ်ရာများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာဖြင့် စနစ်တကျတည်ဆောက်သွားရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မန္တလေးတိုင်းအတွင်း ခရိုင်ချင်းဆက်လမ်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စက်တင်ဘာ ၁၆ ရက်တွင် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးသို့သွားရောက်၍ မန္တလေးတိုင်း ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့်အမှတ်(၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကာ အမှာစကားပြောကြားသည်။

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁) မိုင်တိုင်အမှတ်(၂၉/၇)၌ စက်ယန္တရားများဖြင့် လမ်းပခုံးကပ်ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(နယ်စပ်/စည်ပင်)

မှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မလှိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁) ကုန်းတဲကျေးရွာအနီး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) ကတ္တရာလမ်းခင်းမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)မိုင်တိုင်အမှတ်(၂၉/၇)သို့ ရောက်ရှိပြီး စက်ယန္တရားများဖြင့် လမ်းပခုံးကပ်ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်နေမှုတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၃၈/၆) မြောက်လည်ကျေးရွာအနီး ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါ ခရိုင်ချင်းဆက်လမ်း အမှတ် (၁)သည် မန္တလေးတိုင်း တံတားဦးမြို့နယ် စကားအင်းအပိုင်းမှ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ်(၃)လမ်းမကြီး အထိ မိုင် ၄၀၀ တစ်ဖာလုံရှည်လျားပြီး မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူ ဖောက်လုပ်လျက်ရှိသော လမ်းအရှည် ၈၂ မိုင် သုံးဖာလုံ အနက် ၃၉မိုင် လေးဖာလုံကို ကတ္တရာခင်းပြီးဖြစ်၍ ကျန် ၄၂မိုင် ခုနစ်ဖာလုံကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆယ်အိမ်စုမှူးဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

မွန်ပြည်နယ် မုဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းက ကြီးမှူးဖွင့်လှစ်သော ဆယ်အိမ်စုမှူး ဆရာဖြစ်သင်တန်း အမှတ်စဉ်(၃/၂၀၀၇) ဆင်းပွဲကို ဩဂုတ် ၂၁ ရက်က မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးမြို့နယ်ဆရာဝန် ဒေါက်တာတင်ဌေးကအမှာစကား ပြောကြားပြီး ပထမဆုရ မြို့မ (၂)ရပ်ကွက်မှ ဒေါ်စိုးစိုးအေးအားလည်း ကောင်း **(ဝဲပုံ)** မြို့နယ်ရဲတပ်ဖွဲ့မှူး၏ဇနီးဒေါ်သူဇာသန်းက ဒုတိယဆုရ မြို့မ(၄) ရပ်ကွက်မှ ဒေါ်ပန်းအိအိစိုးနှင့် တတိယဆုရ ကွမ်ကဗွီးကျေးရွာမှ ဒေါ်ခင်ကြည်ငွေတို့အားလည်းကောင်း ဆုများကိုပေးအပ်ချီးမြှင့်ကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး Mr. Dato Shaharuddin Bin Md Som အားအမှူးထား၍ မလေးရှားနိုင်ငံမှ လုပ်ငန်းရှင်များဖြစ်ကြ သည့် Mr. Dato' Leong Kin Mun, Mr. Ker Seng Key, Mr. Tan **Se Seng** တို့က ပန်းတစ်ပွင့်တောင် သာသနာပြုတောရရိပ်သာကျောင်းတိုက် ပဓာန နာယက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရထံသို့ ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ တူညီဝတ်စုံအစုံ ၆၀၀ကျော် နှင့်ဆန်အိတ် အိတ် ၉၀ကို စက်တင်ဘာ ၁၃ ရက်က ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ရပ် အမှတ်(၃)လမ်းဆုံ နှယ်ခွေလမ်းနှင့် အမှတ်(၃)လမ်းမကြီးကြားရှိမဟာစန္ဒာရုံဝိပဿနာဓမ္မရိပ်သာ အတွင်း အုတ်တံတိုင်းအတွက် သဃ်န်းကျွန်းမြို့နယ် ဝေဇယန္တာအိမ်ရာနေ ဗိုလ်မှူးချုပ် ဝင်းအောင်တင့်(ငြိမ်း) - ဒေါ်စန်းရီမိသားစုတို့က အလှူငွေကျပ် ကိုးသိန်းကို ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာလင်္ကာရ (ကမ္မဋ္ဌာနာစရိယ) ရှေ့မှောက်တွင် စက်တင်ဘာ ၆ ရက်က ရေစက်ချလှူဒါန်းကြရာ ကျောင်းဒါယကာကြီး ဦးလှသန်း(ရေသန့်)က လက်ခံရယူစဉ်။ (က-ပ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်ရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် နှစ်ဖက်မိဘများကို ရည်စူး၍ ရန်ကုန်မြို့ ကုန်းမြင့်ရိပ်သာလမ်းနေ ဦးမောင်မောင်စိုး-ဒေါ်သိန်းသိန်း၊ သား၊ သမီး၊ မြေးတစ်စုက ကျောင်းအလှူငွေ အမေရိကန်ဒေါ်လာတစ်ရာလှူဒါန်းရာ အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒာ)၏ ရှေ့မှောက်၌ အမှုဆောင်ဒေါ်ခင်သန်းက လက်ခံယူစဉ်။ (က-ပ)

ကျိုက်ထီးရိုး မဟာစည်ရိပ်သာ အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၈

မွန်ပြည်နယ် ကျိုက်ထိုမြို့ မဟာစည် သာသနာ့ရိပ်သာအတွင်း၌ မဟာစည် နာယက သာယာကုန်း ဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒဦးဆောင်၍ တည်ဆောက်လျက်ရှိသော ရွှေတိဂုံပုံတူစေတီတော်နှင့် မဟာစည် သိမ်ကျောင်းတော်အတွက် အလှူငွေ ပေးအပ်လှူဒါန်းရာ ဗိုလ်မှူးကြီး အောင်မြင့်(ငြိမ်း)-ဒေါ်သန်းသန်းမြင့် သား၊သမီး၊မြေးတစ်စု(ကံ့ကော်မြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်)မှ အလှူငွေ ကျပ်နှစ်သိန်း၊ ဦးတင်မောင်(သား) ဦးဌေးအောင်တို့အားရည်စူး၍ ဒေါ်မမကြီး (ဥက္ကဋ္ဌ၊ မဟာစည် အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့) မိသားစုတို့က အလှူငွေကျပ် တစ်သိန်းနှင့် ဦးမင်းသိုက်ထွန်း၊ ဒေါ်ယဉ်နုနှင့်မောင်များ အောင်သပြေလမ်း၊ မင်္ဂလာတောင် ညွှန့်မိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် စိမ်းလဲ့ရိပ်သာနေ ဦးလှဝင်း-ဒေါ်ပွင့်မြတ်ဖြူမိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။

(က-ပ)

လားရှိုးခရိုင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၁၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင်၏ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၃ရက် နံနက် ၉နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဇနီး ဒေါ်ချယ်ရီ၊ စစ်ဘက်နယ်ဘက်မှ တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ လားရှိုးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲဝင် ၃၆ဦးတို့က ပြိုင်ပွဲအမျိုးအစား ၁၈မျိုးကို ယှဉ်ပြိုင်ကြသည်။

စက်တင်ဘာ ၄ရက် ညနေ ၆နာရီတွင် လားရှိုးခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်၊ ဇနီး ဒေါ်ချယ်ရီနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား အသီးသီးဂုဏ်ပြုချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (ခရိုင်ပြန်/ဆက်)

မြောင်းတကာ ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမဘေးရှိ 230/33/11KV(60MVA) မြောင်းတကာ(မှော်ဘီ) ပင်မဓာတ်အားခွဲရုံတည်ဆောက်ရေးလုပ်ငန်းနှင့် ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရေး ထိန်းညှိပေးသည့် CAPACITOR BANK တပ်ဆင်ခြင်းနှင့် 100 MVA ထရန်စဖော်မာများ နေရာချထားမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် အဖွဲ့အား မြောင်းတကာ ဓာတ်အားခွဲရုံရှင်းလင်းခန်းမဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း(တောင်ပိုင်း) တည်ဆောက်ထိန်းသိမ်းရေးရုံး တာဝန်ခံအင်ဂျင်နီယာ ဦးကိုဦးနှင့် ပါရမီကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်လှိုင်တို့က မြောင်းတကာ ဓာတ်အားခွဲရုံ တည်ဆောက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။ရှင်းလင်းတင်ပြမှုအပေါ် ဝန်ကြီးကမြောင်းတကာ ဓာတ်အားခွဲရုံသည် မြောင်းတကာ သံမဏိစက်မှုဇုန် ကုန်ထုတ်စွမ်းအားမြင့်မားစေရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစေရေးအတွက် အရေးပါသည့် ပင်မ ဓာတ်အားခွဲရုံကြီးဖြစ်ကြောင်း၊ ရွှေတောင်ဓာတ်အားလိုင်း၊ ကမာနတ်(ပဲခူး) ဓာတ်အားလိုင်း၊ လှိုင်သာယာ ဓာတ်အားလိုင်းများ ချိတ်ဆက်ဓာတ်အားပို့လွှတ်မှုအတွက် အချက်အချာကျသည့် ပင်မဓာတ်အားခွဲရုံဖြစ်ကြောင်း၊ မိမိဌာနအောင်မြင်တိုးတက်နေစေရေး ကြိုတင် မျှော်တွေးစနစ်ဖြင့် တီထွင်ကြံဆပြီး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မဓာတ်အားခွဲရုံအတွင်း Switch Yard နှင့် ဓာတ်အား အဝင်/အထွက် လိုင်းများ ချိတ်ဆက်သွယ်တန်းထားမှုများ၊ ဓာတ်အားစနစ်ပိုမိုကောင်းမွန်စေရေး ထိန်းညှိပေးနိုင်ရန် CAPACITOR BANK တပ်ဆင်ဆောင်ရွက်ထားမှုနှင့် ကားပတ်လမ်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ကွပ်ကဲရေးဌာန (L.D.C)သို့သွားရောက်ပြီး ဓာတ်အား ပေးစက်ရုံများက ပို့လွှတ်/လက်ခံရရှိသော ဓာတ်အားများကို ဓာတ်အားလိုအပ်မှုအပေါ် စနစ်တကျဖြန့်ဖြူး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အောင်မြင်တိုးတက်စေရေးအတွက် တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းဆိုင်ရာတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြောင်းတကာ(မှော်ဘီ) ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

ဗဟိုဝန်ထမ်းတက္ကသိုလ် သင်တန်းများဖွင့်လှစ်

ရန်ကုန် စက်တင်ဘာ ၁၈

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) စာရေးဝန်ထမ်း ကြီးကြပ်မှုသင်တန်း အမှတ်စဉ်(၇၂)နှင့် စာရေးဝန်ထမ်း အခြေခံသင်တန်း အမှတ်စဉ်(၁၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် အုန်းတောခန်းမ၌ ကျင်းပရာ ဗဟိုဝန်ထမ်းတက္ကသိုလ် ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ စာရေးဝန်ထမ်း ကြီးကြပ်မှုသင်တန်း အမှတ်စဉ်(၇၂)မှ သင်တန်းသား ၁၅ဦး၊ သင်တန်းသူ ၃၁ ဦး စုစုပေါင်း ၄၆ဦး စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ်(၁၂၆)မှ သင်တန်းသား ၅၀၊ သင်တန်းသူ ၁၁၂ဦး စုစုပေါင်း ၁၆၂ဦးတို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်တင်ဘာ ၉ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် ဒေးဒနေ့စ်ပြကျေးရွာ ဘိုးဘွားရိပ်သာသို့ ရန်ကုန်မြို့နေ အလှူရှင် ဦးမြစိန်နှင့် သားသမီးတစ်စုတို့က ငွေပဒေသာပင်အဖြစ် ကျပ်တစ်သိန်း စိုက်ထူလှူဒါန်းရာ ဘိုးဘွားရိပ်သာကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အဖွဲ့ဝင် ဒေါ်ယဉ်ရွှေတို့ လက်ခံရယူစဉ်။ (၅၂၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ရက် (ဥပုသ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဇအေဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ဝါဆိုမိုးဆန်းကန်တော့ပန်း (တိပိဋကနိကာယ အနုပညာအဖွဲ့)
၈:၀၅ ၅။ တန်ခိုးကြီးမား ထင်ရှားအကျော် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်
၈:၁၅ ၆။ သံသာချိုအေးမင်္ဂလာတေး
၈:၃၀ ၇။ International News.
၈:၄၀ ၈။ Islands Of Dhamma
၈:၄၅ ၉။ ဘဒ္ဒန္တ တေဇဝန္တ (အဂ္ဂမဟာပဏ္ဍိတ)ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ပုဗ္ဗာရုံကျောင်းတိုက် မိုးမိတ်မြို့ ရှမ်းပြည်နယ်ထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မာစကြာဝတ်ရွတ်ပူဇော်ပွဲ(တတိယဆု) (အထက-၂ လှိုင်သာယာ) (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၁၀ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၂။ လွင်မိုးခရီးသွားသည်
၇:၃၅ ၁၃။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) (အခြေခံပညာ၁၀-၁၅နှစ်) (အမျိုးသား၊အမျိုးသမီး)
၇:၄၀ ၁၄။ ၂၀၀၇ခုနှစ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆွေးနွေးခန်း(ရုပ်သေးပြိုင်ပွဲ)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Franz Hararay's Magic Planet
၁၉။ ၂၀၀၆ခုနှစ်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ "ဝေဿန္တရာဇာတ်တော်ကြီး" (ပထမဆု)(ရန်ကုန်တိုင်း) (ဒုတိယပိုင်း)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွင့်များခြင်းတရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

သာသနာရေးဝန်ကြီးဌာနသို့ အလှူတော်ငွေပေးအပ် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်လက်ခံ

ရန်ကုန် စက်တင်ဘာ ၁၈

သာသနာရေးဝန်ကြီးဌာန နယ်စပ်နှင့် တောင်တန်းဒေသ သာသနာပြုကျောင်း ဆောက်လုပ်ရန်၊ ပုဂံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရန်နှင့် နေပြည်တော် ပျဉ်းမနား သံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံ ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက် နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးခွဲ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများလက်ခံသည်။

ရှေးဦးစွာ အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက မဇ္ဈိမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းကြရာ မဟာစည် သာသနာ့ရိပ်သာ ပဓာနနာယက မဇ္ဈိမဂုဏ်ရည် ဆရာတော် ဘဒ္ဒန္တကောဝိဒကိုယ်စား ဆရာတော်၏ မယ်တော်ကြီး ဒေါ်အေးရီက ငွေကျပ် ၁၁၂ သိန်း၊ သီဟသုဓမ္မမဏိဇောတဓရ ဦးတင်ဝင်း-သီရိသုဓမ္မသီင်္ဂီ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့KNကုမ္ပဏီ) နှင့် ဒေါ်နန်းဖူးတို့က ငွေကျပ် ၂၄သိန်းစီ၊ ဦးဇော်ဇော်နိုင် (ဥက္ကဋ္ဌ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း)က ငွေကျပ် ၅၁၃၀၀၀၊ ဦးညွန့်ဌေး-ဒေါ်နီလာရွှေ (ကြာငါးခိုင် သက်န်းတိုက်)၊ သုဓမ္မမဏိဇောတဓရ ဦးအောင်မွန်၊ ဦးတင်ဝင်း - သီရိသုဓမ္မသီင်္ဂီ ဒေါ်ခင်ကြည်(ဆန်းကိုကို ဘီစကစ်)နှင့် ဦးဘိုကြီး-ဒေါ်သန်းသန်းတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးရဲအောင်-ဒေါ်လှဲ့လှဲ့ဝင်း (ကုဋေကြွယ် ကြက်ဆူစိုက်ပျိုးရေးကုမ္ပဏီ)က ငွေကျပ် ၅၂၀၀၀၀၊ (ဦးသိန်းမောင်)- ဒေါ်ပါးပါး(စန္ဒီပရဆေး)နှင့် ဦးချစ်အေး- ဒေါ်သန်းသန်းဆွေ (လမ်းမတော်မြို့နယ်) တို့က ငွေကျပ် ၅၀၅၀၀၀စီနှင့် သီရိသုဓမ္မသီင်္ဂီ ဒေါ်ဒေါ်ကျင် (မင်္ဂလာတောင်ညွန့်မြို့နယ်)က ငွေကျပ်တစ်သိန်း အပါအဝင် စုစုပေါင်းငွေကျပ် ၂၉၄၄၃၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မဇ္ဈိမဂုဏ်ရည် ဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ နယ်စပ်နှင့် တောင်တန်းဒေသသာသနာပြုကျောင်းဆောက်လုပ်ရန်၊ ပုဂံသာသနာ့ဗိမာန်တော် ဆောက်လုပ်ရန်နှင့် နေပြည်တော် ပျဉ်းမနား သံဃာ့ဘေသဇ္ဇဌာန ဝိဟာရဆေးရုံ ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မဟာသိမ်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ အမှူးပြုသော စာချ၊ စာသင်ဆရာတော် သံဃာတော် ၉၈ပါးအား ယနေ့နံနက် ၁၀နာရီခွဲ တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ **(ယာပုံ)**

ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ ရန်ကုန်အနောက်ပိုင်းခရိုင် အတွင်းရေးမှူး ဦးနေဝင်းနှင့် အလုပ်အမှုဆောင်များ၊ ပန်းဘဲတန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်နှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်၊ ရပ်ကွက်တာဝန်ရှိပုဂ္ဂိုလ်များနှင့် လူမှုရေးအသင်းအဖွဲ့တာဝန်ရှိသူများ တက်ရောက်ကြသည်။ (၁၉)

ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အလှူရှင် (ဦးတင်၊ ဒေါ်သန်းစိန်)တို့အား အမှူးထား၍ ဒေါ်စန်းရီမိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြု ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

(၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ (၁၉) ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၂ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

စက်တင်ဘာ ၂၂ရက်နှင့် ၂၃ရက်တို့တွင် ပြေးခုန်ပစ်ပြိုင်ပွဲကို အောင်ဆန်းကွင်း၌လည်းကောင်း၊ စက်တင်ဘာ ၂၄ရက်တွင် ရေကူးပြိုင်ပွဲကို အမျိုးသားရေကူးကန်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဦးဝိစာရလမ်း စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌လည်းကောင်း၊ စက်တင်ဘာ ၂၅ရက်တွင် ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်းကွင်း အားကစားရုံ၌လည်းကောင်း၊ စက်တင်ဘာ ၂၆ရက်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျုံးကြီးလမ်း ကြက်တောင်အားကစားရုံနှင့် စက်တင်ဘာ ၂၈ ရက်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံ ဂေါက်ကွင်း၌လည်းကောင်း ကျင်းပမည်ဖြစ်သည်။

အသင်းခေါင်းဆောင်များ အစည်းအဝေးကို စက်တင်ဘာ ၂၀ရက် မွန်းလွဲ ၁နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ရုံးခန်း၌ ပြုလုပ်မည်ဖြစ်၍ ယင်းရက်မတိုင်မီ ပြိုင်ပွဲဝင်စာရင်းများနှင့်အတူ သတင်းပို့ရမည်ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

စက်တင်ဘာ ၁၅ရက်မှ နိုဝင်ဘာ ၁၅ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းမြို့၌ ပူးတွဲလေ့ကျင့်ရန်နှင့် ကိုရီးယားအိုးပင်း(၂၀၀၇)ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အဖွဲ့ဝင် ၁၉ဦး ပါဝင်သည့် မြန်မာတိုက်ကွမ်ဒိုအားကစားအဖွဲ့ဝင်များ စက်တင်ဘာ ၁၇ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

ပိုးသတ်ဆေးများနှင့် ထိတွေ့မှုရှိခြင်းကြောင့် ရင်ကျပ်ရောဂါ ဖြစ်ပေါ်စေကြောင်း တွေ့ရ

နယူးယောက် စက်တင်ဘာ ၁၈

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် များသောအားဖြင့် သုံးစွဲလေ့ရှိသော ပိုးသတ်ဆေးများနှင့်ထိတွေ့မှုရှိခြင်းသည် ပန်းနာရင်ကျပ်ရောဂါ ဖြစ်ပွားစေမည့် အခြေအနေ တိုးပွားစေနိုင်ကြောင်း သုတေသီများက ရှာဖွေတွေ့ရှိသည်။

လယ်သမားပေါင်း ၂၀၀၀၀ နီးပါးကို လေ့လာရာမှ အထက်ပါအချက်ကို တွေ့ရှိရခြင်းဖြစ်သည်။ စတော့ဟုမ်းမြို့၌ ကျင်းပသည့် ဥရောပဒေသအသက်ရှူလမ်းကြောင်းဆိုင်ရာ ပညာရှင်များအဖွဲ့၏ နှစ်ပတ်လည်ဆွေးနွေးပွဲတွင် ထိုတွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

ပိုးသတ်ဆေးများ ထိတွေ့သုံးစွဲရခြင်းသည် တောင်သူလယ်သမားများအတွက် ရင်ကျပ်ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာဝေဒနာ ဖြစ်ပေါ်စေသည့် အကြောင်းရင်းပင်ဖြစ်သည်ဟု ဒေါက်တာ ဂျိန်းအေးဟော့ပင်က ပြောကြားသည်။ ၎င်းသည် မြောက်ကယ်ရိုလိုင်းနား ပြည်နယ်ရှိ အမျိုးသားသဘာဝဝန်းကျင်ဆိုင်ရာ ကျန်းမာရေးသုတေသနဌာနမှ ပညာရှင်ဖြစ်သည်။

ပြောကြား

လယ်သမားများနှင့် ပိုးသတ်ဆေးကိုင်တွယ်ရသူများအား ၎င်းတို့ကိုင်တွယ်ရသော ဆေးဝါးများကို မည်သို့ စနစ်တကျကိုင်တွယ်ရကြောင်း နည်းနာပြသပေးခြင်း၊ ပညာပေးခြင်းများ တိုးမြှင့်ပြုလုပ်ခြင်းများပြုလုပ်သင့်သည်။ ယင်းသို့ပြုခြင်းဖြင့် လယ်သမားများတွင် ကျရောက်နိုင်သည့် ရင်ကျပ်ရောဂါ အခြေအနေကို လျော့ပါးသွားစေနိုင်ကြောင်း ဟော့ပင်က ပြောကြားသည်။

အမျိုးအစား

ယခု လေ့လာစူးစမ်းမှုတွင်ပါဝင်သော လယ်သမားပေါင်း ၁၉၇၀၄ဦး အနက် ၁၂၇ ဦးတွင် သွေးမတည့်ခြင်းကြောင့်ဖြစ်ရသော ရင်ကျပ်ရောဂါ အမျိုးအစားကို တွေ့ရသည်။ ထို့အပြင် အခြား ၃၁၄ဦးတွင် သွေးမတည့်ခြင်းနှင့် မသက်ဆိုင်သော ရင်ကျပ်ရောဂါဖြစ်ပွားသည်ကို တွေ့ရကြောင်းသိရသည်။

ဤနေရာတွင် ပိုးသတ်ဆေးနှင့် ထိတွေ့မှု ပို၍များလေလေ ရင်ကျပ်ရောဂါ ရရန် အလားအလာ ပို၍များသည်ကိုတွေ့ရသည်ဟု ဟော့ပင်ကပြောကြားသည်။ စမ်းသပ်ခံသူများ၏ အသက်အပိုင်းအခြား၊ ဆေးလိပ်သောက်မှုအခြေအနေနှင့် ကိုယ်အလေးချိန်စသော အခြေအနေများကို ထည့်သွင်းတွက်ချက်သည့်တိုင်အောင် ပိုးသတ်ဆေးနှင့်ရင်ကျပ်ရောဂါ ဆက်စပ်မှုကို ထင်ရှားစွာ တွေ့ရသည်ဟု ဆိုသည်။

ရင်ကျပ်ရောဂါ

လေ့လာသော ပိုးသတ်ဆေးများအနက် ပိုးသတ်ဆေး ၁၆မျိုးမှာ ရင်ကျပ်ရောဂါ ဖြစ်ပွားစေသည်ကို တွေ့ရသည်။ ထိုအမျိုးအစားပိုးသတ်ဆေးများတွင် ကူမာဖော့စ်၊ အီးပီတီစီ၊ လင်ဒိန်း၊ ပါရာသီယွန်၊ ဟက်တာကလောနှင့် ၂၊ ၄၊ ၅-တီပီဆေးများသည် သွေးမတည့်ခြင်းကြောင့်ဖြစ်သော ရင်ကျပ်ရောဂါကို ဖြစ်ပွားစေသည်။ ထို့အပြင် ဒီဒီတီ၊ မာလာသီယွန်နှင့် ဖိုရိတ်စသော ပိုးသတ်ဆေးများမှာလည်း ရင်ကျပ်ရောဂါနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရသည်ဟု ဆိုသည်။

အင်တာနက်။

ဆက်ကပ် လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း နှစ်တစ်ရာပြည့် ပွဲတော်အတွက် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ်နေ ဒေါ်ဖြူဖြူကို ထံမှ လှူဒါန်းသော ငွေကျပ် တစ်သိန်းကို အလှူရှင်ကိုယ်စား ဂန္ဓဝင်ရွှေပုဂံ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ ဝန်ထမ်းများက အမှူးဆောင်ဆရာတော် ဦးဉာဏဗလ (M.A) ထံသို့ မင်္ဂလာလမ်း စမ်းချောင်းမြို့နယ်ရှိ အဖွဲ့ရုံးခန်း၌ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လက်ပံတန်းမြို့ လောကမာန်အောင်ရွှေဘုန်းရောင်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်မည်

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် လက်ပံတန်းမြို့နယ်၏ ကျက်သရေဆောင် လောကမာန်အောင်ရွှေဘုန်းရောင်စေတီတော်မြတ်ကြီးအား ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ရွှေးမှုမပျက် ရွှေသင်္ကန်းများ ကပ်လှူပူဇော်နိုင်ရန် စီစဉ်ထားပါသည်။ ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များ စေတနာ၊ သဒ္ဓါတရားထက်သန်စွာဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနိုးဆော်အပ်ပါသည်-

၁။ ဘဒ္ဒန္တ ပညာသီဟ(မဟာဂန္ထဝါစကပဏ္ဍိတ၊ ဘုရားကြီးကျောင်းတိုက်၊ လက်ပံတန်းမြို့) ဖုန်း-၀၅၃-၃၂၃၂၉
၂။ ဘဒ္ဒန္တ အရိယဝံသ(ဘုရားကြီးကျောင်းတိုက်) လက်ပံတန်းမြို့
၃။ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ လက်ပံတန်းမြို့၊ ဖုန်း-၀၅၃-၃၂၀၀၂
၄။ ဒုတိယရဲမှူးခင်မောင်လတ်၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ လက်ပံတန်းမြို့၊ ဖုန်း-၀၅၃-၃၂၀၄၂
၅။ မြို့နယ်သာသနာရေးဦးစီးမှူး၊ လက်ပံတန်းမြို့၊ ဖုန်း-၀၅၃-၃၂၀၄၉
၆။ ဒေါ်စန်းနွဲ့၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၄၆၁၇

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

လားရှိုးမြို့၊ရပ်ကွက်(၁၂)နေ၊ ဦးမျိုးနိုင်+ဒေါ်ခင်မီမီလွင် တို့၏တစ်ဦးတည်းသော သား၊

ဗိုလ်မျိုးဇာဏီထွန်း

B.C.Sc (D.S.A) (Hons:) M.C.Sc (U.C.S.Y)

နှင့်

ရန်ကုန်မြို့၊သုဝဏ္ဏနေ ဦးဘတင်+ဒေါ်သိန်းသိန်း တို့၏မြေး (ဦးစိုးမြင့်) + ဒေါ်မေမြတ်ကြူ တို့၏သမီး

မစန္ဒာစိုးမြင့်

B.C.Sc (Hons:) M.C.Sc (U.C.S.Y)

တို့သည် နှစ်ဖက်မိဘများနှင့် ဂုဏ်သရေရှိ လူကြီးများ၏ ရှေ့မှောက်၌ (၁၈-၉-၂၀၀၇) ရက်နေ့ တွင် (M3 Food Center ပိတောက်ခန်းမ) ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်မျိုးဇာဏီထွန်းနှင့်မစန္ဒာစိုးမြင့်

7 DAY NEWS JOURNAL ထွက်ပြီ

၇ ရက် သတင်းဂျာနယ်

၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ ကြာသပတေးနေ့ အတွဲ(၆)၊ အမှတ်(၂၇)

- ကုမ္ပဏီလေးလေးအောက်ပြီးကို မြန်မာနိုင်ငံကမ်းရိုးတန်းဒေသများတွင် သူနာပြုပြိုင်ပွဲ ရှုနိုင်ကြောင်း သတိပေး
- ထိုင်ကြိုက်ရှုရှိလျှင် ကျွန်ုပ်တို့ထံမှ သေသုံးလျှင် ကျွမ်းယုံကြည်ရှိမည့် အားကစားလိုက်စား သူတိုင်းအတွက် ထိုင်ကြိုက်မှုအာမခံ အမျိုးအစားသစ်အကြောင်း
- UMFCCI မှ ပွဲစည်းထားသော အမှားအိုင်ကျင်းပဲအတွက် အမှုဆောင်အသင်းရာထူးများ ပြောကားမည့်သတင်းအပြည့်အစုံ
- ဂုံးပေါက်သည့်ဟု ထင်ခဲ့ကြသော ရှမ်းလယ်ထိပ်ဆီဆိုင်ရှေ့မှ အသေးစားပေါက်ကွဲမှု
- ကြက်သွန်နီပြည်ပတင်ပို့မှု ရပ်နားခဲ့ရသည့် အဓိက အကြောင်းအရင်း
- ကျွန်ုပ်တို့ပေါင်း တစ်သောင်းထိုးတော်ကျော် သုံးစွဲခဲ့သော အသိုင်းအဝိုင်း ငါး ပွဲတော်ကန်ရေးမြင်မှု
- ရေလွှမ်းငါး ပွဲလှန်ကန်များကို ချေးငွေပေးမည့် အစီအစဉ်
- ခွင့်ပြုချက်မပါဘဲ အသင့်သောက်ပုံစံဖြင့် ဈေးကွက်အတွင်းဝင်ရောက်လာသော ကျွဲ ဝီစကီများ
- မြို့ပတ်ရထားစီးသူများအခမဲ့ ဆေးကုနိုင်သည့်အစီအစဉ်
- ဝယ်သူဈေးကွက်ပင်ပြန်ပြင်သွားသော တရုတ်သိုးတင်မှုအခြေအနေ
- စိတ်ဓာတ်၊ ပရိသတ်နှင့် ရယူခဲ့သော အာဆီယံချန်ပီယံဆုအကြောင်း သတင်းအပြည့်အစုံ

ခေသည့်သတင်းလိုမျိုး ကော့ချက်ရယ်ပြချက်မြင့် ဖတ်ရှုနိုင်ပြီ

အမြန်ဆုံးရယူလိုက်ပါ... ၅၂၇၅၀

ကြေးပိဋကတ်တော်ပြုလုပ်ရန် အလှူငွေများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

ကြေးပိဋကတ်တော် အဘိဓမ္မာ ပိဋကဝင် ယမကပါဠိတော် (ပထမအုပ်)အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်မြတ်ထံသို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်းနေ ဦးအောင်မြင့်-ဒေါ်ဝါဝါဆွေ၊ လသာမြို့နယ်နေ ဒေါ်ဖြူဖြူဝင်း၊ ဦးမောင်မောင်အေး၊ တာမွေမြို့နယ် အရိုးကုန်း(၁၄၉)လမ်းနေ အဘွားဒေါ်တင်တင်ဝင်းနှင့် မြေးမောင်ကျော်ထက်နိုင်၊ ဦးမင်းသူ-ဒေါ်နီလာဝင်းမောင် မိသားစုနှင့် ဒေါ်ကြည်ကြည်အေး၊ ဦးသန်းနိုင်-ဒေါ်သီဂီဝင်းမောင်၊ ဦးစိုးသန့် (သာကေတမြို့နယ်တရားသူကြီး)-ဒေါ်ခင်နိုင်မြင့်၊ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း (၃၇) လမ်းနေ ဒေါ်မိမိသက်နွယ်၊ အရှေ့ရန်ကင်း (၁)ရပ်ကွက်နေ ဒေါ်နုနုဌေး၊ စမ်းချောင်းမြို့နယ် ခေမာလမ်းနေ ဒေါက်တာတင်မာဦး၊ ၇မိုင် ကုန်းမြင့်ရိပ်သာလမ်းနေ ဦးမျိုးမင်း-ဒေါ်ဝါဝါမြင့်၊ သား မောင်နိုင်လတ်ထွန်း၊ ချောင်းသာကမ်းခြေ ရွာသစ်ရပ်နေ ဦးသိန်းလွင်၊ ဆရာမ ဒေါ်တင်တင်ခိုင်၊ သဃ်န်းကျွန်းမြို့နယ်(၁၆/၁)ရပ်ကွက် ဇင်္ဂုလ (၁)လမ်းနေ ဦးဘခင်-ဒေါ်ချစ်ညွန့်၊ ပဲခူးမြို့ အင်းဝင်ရပ်ကွက် (၁၃)လမ်းမှ ဦးဝင်းညွန့်-ဒေါ်ကျင်လှိုင်၊ တာမွေမြို့နယ် ကျောက်မြောင်း ဒဂုံသီရိလမ်းနေ ဦးထင်အောင် - ဒေါ်နီလာဝင်း၊ မြိတ်တက္ကသိုလ်မှ ဒေါက်တာသန္တာအောင်၊ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်းနေ ဦးလှမြင့်-ဒေါ်ခင်အေးမော်တို့က ကြေးပြား တစ်ချပ်စီ စုစုပေါင်း ကြေးပြား ၁၈ ချပ်၊ အလှူငွေကျပ် ၃၆၀၀၀၀ လာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်း ကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅၊ ၀၉-၅၁-၉၅၂၀၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က-ပ)

မြန်မာနိုင်ငံဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့ တတိယအကြိမ် အစည်းအဝေးကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဗဟိုဦးစီးအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို စက်တင်ဘာ ၂၉ရက်(စနေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့် မြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆရာဝန် အသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းများမှ ဗဟိုဦးစီးအဖွဲ့ဝင်များ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆူးလေဘုရားလမ်း၊ အမှတ်(၁၆၄)၊အခန်းအမှတ်(၂၈)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးစိုးနိုင် (၁၂/ကတတ(နိုင်)၀၂၂၁၉၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီပြီးဖြစ်ပါသည်၊ သို့ဖြစ်၍ အထက်ဖော်ပြပါတိုက်ခန်း၏ အကျိုးခံစားခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါလျှင် ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်၊ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်ပါမည်။

ညွှန်ကြားချက်အရ
ဦးရဲမြင့် (ဝိဇ္ဇာဘွဲ့နှင့်ဥပဒေဘွဲ့ရ)
တရားရုံးချုပ်ရှေ့နေ (စဉ်-၁ဂ၆၄)
အမှတ်-၃၃၊ နွယ်သာကီလမ်း၊အလုံမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း - ၀၉ ဂ၀၃၀၃၉၄

အမည်ဖြည့်စွက်ခေါ်ပါရန်

တနင်္သာရီတိုင်း၊ မြိတ်မြို့နယ်နေ (ဘ)ဦးဇော်ဝင်း(ခ)ဦးဟုတ်ရှူ၏ သား မောင်ဝဏ္ဏထွန်း [၆/မမန(နိုင်) ၁၅၂၁၈၁] အား မောင်ဝဏ္ဏထွန်း(ခ)မောင်ဟန်ထူးအောင်ဟု အမည်ဖြည့်စွက်ခေါ်ပါရန်။ မောင်ဝဏ္ဏထွန်းနှင့် မောင်ဟန်ထူးအောင်သည် တစ်ဦးတစ်ယောက်တည်း ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

မောင်ဝဏ္ဏထွန်း(ခ)မောင်ဟန်ထူးအောင်

ကန့်ကွက်နိုင်ပါသည်

ရန်ကင်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂/ကံဘဲ့၊ မြေကွက်အမှတ်(၁၅၃)၊ မြေကွက်တည်နေရာ အမှတ်(၃၄)၊ ဘိုးရာဇာလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်း၊ ဦးလှဖေ အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေအား အမည်ပေါက် ဦးလှဖေ ကွယ်လွန်သဖြင့် ဒေါ်ခင်ညိမ်းယဉ် [၁၂/ရကန(နိုင်)၀၅၁၁၆၇]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ သတ္တဌာနဗုဒ္ဓါနုဿတိကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးနှင့် ဓာတ်ကြီးလေးပါး ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၇ရက်က အောင်ဓမ္မာရုံ၌ကျင်းပရာ ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ အာသဘအရှင်သူမြတ်က တရားတော်များ ချီးမြှင့်စဉ်။ (၅၀၆)

မူလတန်းကျောင်းခွဲဖွင့်လှစ်၍ပညာရေးရန်ပုံငွေ ပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၈

ပညာရေးဝန်ကြီးဌာန အမှတ်(၁)အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပဲခူးတိုင်း အုတ်ဖိုမြို့နယ် ဘုရားကြီးကုန်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းခွဲ ဆောက်လုပ်ပြီး ဩဂုတ် ၂၀ရက်က ကျောင်းသစ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းဘက်စုံဖွံ့ဖြိုးရေး စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြပြီး ကျောင်းဖြစ်မြောက်ရေးနာယက ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) (၁၀၇)ရပ်ကွက် ဒဂုံသီရိနှင့် ရတနာသီရိ ဓမ္မဝိဟာရ ပရိယတ္တိ ဓမ္မရိယကျောင်းတိုက်တို့၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာဒိစ္စရံသီ အရှင်သူမြတ်က မယ်တော်ကြီး ဒေါ်အုန်းခင်အား အမှူးထား၍ အလှူငွေကျပ်တစ်သိန်းနှင့် ဦးမြင့်ရွှေ၊ ဒေါ်လှခင် မိသားစုက အလှူငွေကျပ်ငါးသောင်းတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၃ရက်တွင် ကျင်းပမည်ဖြစ်၍ အလှူရှင်များ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

စက်တင်ဘာ ၁၅ ရက်က တာမွေမြို့နယ် အမက(၃၄)၏ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် တတိယတန်းမှ ပထမဆုရ မခြူးခြူးသက်တင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဆွေ ဆုချီးမြှင့်စဉ်။ (ပညာရေး)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၈-၉-၂၀၀၇

ထားဝယ်
၃ ဒသမ ၇၈ လက်မ

ကိုကိုးကျွန်း
၃ ဒသမ ၀၇ လက်မ

ကော့သောင်း
၂ ဒသမ ၃၆ လက်မ

ရန်ကုန်(ကမ္ဘာအေး)
၂ ဒသမ ၀၉ လက်မ

ဦးအောင်မြင့်[၁၂/မဂတ(နိုင်)၀၁၅၈၀၃]နှင့် အများသိစေရန် အသိပေးအကြောင်းကြား ကန့်ကွက်တားမြစ်ခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ဝေ(CF-၁၀၆၇၂၅)၊ အမှတ်-၃၉၊ (ပ)ထပ်၊ (၁၂၄)လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားလိုက်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ဝေသည် လူကြီးမင်း၏ မိခင်ရင်းဖြစ်ပြီး လူကြီးမင်း၏ ချို့တဲ့သောကျန်းမာရေးကို သိရှိနားလည်ထားသည့်အလျောက် လူကြီးမင်း၏အလိုကို လိုက်လျောခွင့်လွှတ်ခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေက လူကြီးမင်းအား အမြဲတစေ ပံ့ပိုးကူညီရင်းနှီးပေးခဲ့သူဖြစ်၍ ထိုအားနည်းချက်ကို သိရှိကာ အခွင့်ကောင်းယူ၍(၆-၉-၂၀၀၇)နေ့စွဲဖြင့် ငွေ(၄၉)သိန်း(ကျပ်လေးဆယ့်ကိုးသိန်း)ကို ရယူခဲ့ခြင်းမရှိသေးဘဲ အသင့်ပါလာသော ယုံကြည်အပ်နှံသည့် ကတိစာချုပ်တွင် အတင်းအကျပ် လက်မှတ်ရေးထိုးခိုင်းခြင်း၊ လက်ဗွေနှိပ်ခြင်းတို့ဖြင့် စာချုပ်ပြုလုပ်ခဲ့ပါသည်။ မိခင်ရင်း၏ ကရုဏာစိတ်ဖြင့် ခွင့်လွှတ်လိုက်လျောသော်လည်း လူကြီးမင်းက အမှန်တကယ် ခြိမ်းခြောက်ငွေတောင်းမှန်း သိရှိခဲ့သဖြင့် အဆိုပါလုပ်ရပ်မှ ရပ်တန်းကရပ်ရန် အပြင်းအထန် သတိပေးလိုက်ပါသည်။ ၎င်း၏ အပြုအမူသည် သားသမီးမှ မိဘအား ပြုမူထိုက်သောလုပ်ရပ်မျိုးမဟုတ်ပါ။

လူကြီးမင်းသည် တားမြစ်ချက်ကို မလိုက်နာဘဲ ရှေ့တိုး၍ ခြိမ်းခြောက်မှုများ ပြုလုပ်လာပါက ရာဇဝတ်ကြောင်းဥပဒေများအရ အရေးယူတော့မည်ဖြစ်ကြောင်း ထပ်ဆင့် သတိပေးအကြောင်းကြားလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့နေ(စိန်ပွန်း) ဦးမျိုးမြင့် (စဉ်-၃၂၅၅)
B.A., H.G.P,R.L.II, D.L.P.WIPO (Switzerland)

ဒေါ်ဇင်မီမီထွန်း
LL.B,D.L.P.WIPO(Switzerland)
(ဥပဒေအကြံပေး)

ရှေ့နေဒေါ်ခင်လတ်လတ်စိုး (စဉ်-၂၅၄၃၇)
[LL.B (Q),B.A(Business Law], Dip in IT)

M-2, LAW FIRM

ရုံးအမှတ်-၁၀/၁၂၊(ပ)ထပ်၊အခန်း- I၊ ၃၅လမ်း (အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၈၂၄၄၊လိုင်းခွဲ-၃၁၃၊၁၁၃

ဦးအောင်မြင့်[၁၂/မဂတ(နိုင်)၀၁၅၈၀၃]နှင့် အများသိစေရန် အသိပေးအကြောင်းကြားကန့်ကွက်တားမြစ်ခြင်း

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၇-လမ်း၊အိမ်အမှတ်-၂၅(ပ)ထပ်နေ ဒေါ်မြင့်သီတာထွေး[၁၂/မဂတ(နိုင်)၀၀၉၀၆၉]နှင့် ဒေါ်မြင့်မြင့်ဝေ (CF-၁၀၆၇၂၅)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး အကြောင်းကြား ကန့်ကွက်တားမြစ်လိုက်ပါသည်။

လူကြီးမင်းသည် ဂျစ်ပု အမျိုးအစား အဖြူအနီအရောင် ချဲဆီနံပါတ် (၂စီ/၁၈၀၉၉၈) မော်တော်ယာဉ်၊ ရကယာယီ-၃၆၇၉/၂၀၀၇ JEEP ကားတွင် အချိုးကျ ထည့်ဝင်သည်ဟုဆိုသည်မှာ လုံးဝမှန်ကန်မှုမရှိပါ။ လူကြီးမင်းသည် တရားဝင် မှတ်ပုံမတင်ထားသည့်စာချုပ်ကို ကြိုတင်ပြုလုပ်ပြီး ကျွန်ုပ်၏မိတ်ဆွေများအား အတင်းအကျပ် ခြိမ်းခြောက်၍ လက်မှတ်ရေးထိုးခိုင်းစေရာ လူကြီးမင်း၏ ကျန်းမာရေးချို့တဲ့မှုကို သိရှိထား၍ မိခင်နှင့်ညီမရင်းဖြစ်သူက ကြောက်ကြောက်ရွံ့ရွံ့ လက်မှတ်ရေးထိုးပေးခဲ့သည်။ အဆိုပါကားပိုင်ရှင်အမှန်မှာ လူကြီးမင်း၏ ညီမအရင်း ဒေါ်မြင့်သီတာထွေး၏ ခင်ပွန်း ဦးကျော်ဝင်း[၁၄/ရကန(နိုင်)၀၅၆၀၃၅] တစ်ဦးတည်းပိုင်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ တရားမဝင်သော စာချုပ်ဖြင့်ခြိမ်းခြောက်ငွေတောင်းခြင်းများသည် ကျွန်ုပ်၏ မိတ်ဆွေတို့အား များစွာစိတ်အနှောင့်အယှက်ဖြစ်စေပါသည်။ လူကြီးမင်း၏ကျန်းမာရေးချို့တဲ့ပြီး ပြုလုပ်သော လုပ်ရပ်များကို ရပ်တန်းကရပ်ရန် တင်းကျပ်စွာ သတိပေးတားမြစ်လိုက်ကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေများဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လူကြီးမင်းနှင့်အများသိစေရန် အသိပေးအကြောင်းကြားတားမြစ်လိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရှေ့နေ(စိန်ပွန်း)ဦးမျိုးမြင့်(စဉ်-၃၂၅၅)
B.A., H.G.P,R.L.II, D.L.P.WIPO (Switzerland)

ရှေ့နေ ဒေါ်ယဉ်မေထွန်း
LL.B, D.B.L

ရှေ့နေ ဒေါ်မြင့်မြင့်သန်း
LL.B,LL.M

M-2, LAW FIRM

ရုံးအမှတ်-၁၀/၁၂၊(ပ)ထပ်၊အခန်း- I ၊ ၃၅လမ်း (အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၃၈၈၂၄၄၊လိုင်းခွဲ-၃၁၃၊၁၁၃

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် စက်တင်ဘာ ၁၈

ယနေ့ညနေ ၃ နာရီ ၃၃ မိနစ် ၈ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၂၄၅မိုင်ခန့်ကွာဝေးသော (မြန်မာနိုင်ငံပြည်တွင်း) နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အား အသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ ရေယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ရန်ကုန် စက်တင်ဘာ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမ ဆောင်၌ကျင်းပသည့် ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ဝန်ကြီးအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းငွေက ဝန်ထမ်းဖွဲ့စည်းပုံ အခြေအနေ၊ သင်္ဘောကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေး၊ မီးပြတိုက်အခြေအနေ၊ ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော MITTဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်မှု၊ ဒလမြို့နယ် မော်စက်ကမ်းပါးထိန်းနံရံ ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေယာဉ်သစ်တည်ဆောက်ခြင်း၊ ရေယာဉ်ကြီးများ လွန်းတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ သင်္ဘောကျင်းလုပ်ငန်းများမှ ဝင်ငွေရရှိမှု၊ ရန်ကုန်ဆိပ်ကမ်းအတွင်း သင်္ဘောကြီးများ ဝင်ရောက်မှုတို့ကို လည်းကောင်း၊ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်က e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် သင်တန်းများ ဖွင့်လှစ်တက်ရောက်နေမှု အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာဌာနမှူးများကမိမိတို့ဌာနခွဲ၏ လုပ်ငန်းများဆောင်ရွက်မှု **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

မြန်မာနိုင်ငံတွင် ၈၈ အရေးအခင်းကဲ့သို့ ဆူပူအုံကြွအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများက ဝါဒဖြန့်သွေးထိုးလှုံ့ဆော်

သွေးထိုးလှုံ့ဆော်မှုများနှင့် သံဃာထုအတွင်း အယောင်ဆောင်ဝင်ရောက်စည်းရုံးသွေးထိုး လုပ်ဆောင်မှုများကြောင့် စစ်တွေမြို့တွင် သံဃာအချို့ လမ်းလျှောက်ဆန္ဒပြမှု ဖြစ်ပွားခဲ့

ဆန္ဒပြသူအချို့က အေးဆေးစွာတားဆီးဖျောင်းဖျသူ တာဝန်ရှိသူများကို အတင်းဝင်ရောက် ရိုက်နှက် တာဝန်ရှိသူများ သဘောထားကြီးမှုကြောင့် ဆန္ဒပြသံဃာတော်တစ်ပါးမျှ ဒဏ်ရာရခြင်း၊ တစ်ပါးကိုမျှ ထိန်းသိမ်းခြင်းမရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်တွင်းပြည်ပ အဖျက်သမားများသည် မြန်မာနိုင်ငံတွင် ၎င်းတို့ဖြတ်လမ်းကအာဏာရရှိရေးနှင့် ၎င်းတို့စိတ်ကြိုက် ခြယ်လှယ်နိုင်ရေးအတွက် ၈၈အရေးအခင်းကဲ့သို့ ဆူပူအုံကြွ အကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် ဩဂုတ် ၁၉ ရက်မှစ၍ ဆန္ဒပြမှုများကို ဖန်တီးလှုံ့ဆော် လုပ်ဆောင်ခဲ့ကြသည်။

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများသည် ထိုဆန္ဒပြဖြစ်စဉ်များကို အခြေခံပြီး ပုံကြီးချဲ့ထုတ်လွှင့်ခြင်း၊ သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ NLD ပါတီဝင်အချို့အပါအဝင် ၈၈ မျိုးဆက် ကျောင်းသားဆိုသူများနှင့် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်၍ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် နှုတ်ကြောင်းပေးဝါဒဖြန့် စည်းရုံးလှုံ့ဆော်ခြင်း စသည်တို့ကို ဆက်တိုက်ဖန်တီးလုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ ပုံကြီးချဲ့သွေးထိုးလှုံ့ဆော်နှုတ်ကြောင်းပေးထုတ်လွှင့်မှုများနှင့် အဖျက်အမှောင့်သမားများ၏ သံဃာထုအတွင်း သံဃာအတုအယောင်များအဖြစ် ဝင်ရောက်လျက် စည်းရုံးသိမ်းသွင်းလှုံ့ဆော်မှုများကြောင့် စက်တင်ဘာ ၅ရက်နှင့် ၆ရက်နေ့များတွင် ပခုက္ကူမြို့၌ ဆန္ဒပြအကြမ်းဖက်၊ ကားမီးရှို့ဖျက်ဆီးမှုများဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်အခြေအနေအရပ်ရပ်ကိုလည်း ပြည်သူများသိရှိနိုင်စေရန် သတင်းများ ထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

ပြည်တွင်းပြည်ပ အဖျက်သမားများသည် ဆန္ဒပြမှု ဆူပူအကြမ်းဖက်မှုများ ထပ်မံဖြစ်ပွား အရှိန်မြင့်လာစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့သံမဂ္ဂီအဖွဲ့နှင့် ရဟန်းပျိုသမဂ္ဂအဖွဲ့ဆိုသည်က စက်တင်ဘာ ၁၇ရက် တနင်္လာနေ့မှစတင်ကာ ရဟန်းသံဃာတော်များအနေဖြင့် ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ကြရန်ဟူ၍လည်းကောင်း၊ စက်တင်ဘာ ၁၈ရက် အင်္ဂါနေ့တွင် ရန်ကုန်၊ မန္တလေးနှင့် အခြားပြည်နယ်၊တိုင်း၊ မြို့အသီးသီးရှိ သံဃာတော်များက တန်ခိုးကြီးဘုရားများသို့ လမ်းလျှောက်ဆန္ဒပြကြရန်ဟူ၍လည်းကောင်း၊ ဖမ်းဆီးခံထားရသော ၈၈မျိုးဆက် ကျောင်းသားဆိုသူများနှင့် ပတ်သက်၍ သဘောထားကြေညာချက်ဟူ၍လည်းကောင်း၊ လေးဌာနဝန်ထမ်းများ၏ပူးတွဲကြေညာချက်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံစောင့်ရှောက်ရေးအဖွဲ့ဆိုသည်က စက်တင်ဘာ ၁၁ရက်၊ ၁၂ရက်နှင့် ၁၃ရက်နေ့များတွင် မိမိတို့၏နေအိမ်အသီးသီးမှ သံပုံး၊ သံလင်ပန်း၊သံချောင်းစသည်များကို ရိုက်ခတ်ကြရန်ဟူ၍လည်းကောင်း၊ ပြည်ပရောက် အကြမ်းဖက်ပြည်ပြေးများက ဆန္ဒပြပွဲများ အောင်မြင်ရန် မည်သို့မည်ပုံ ဆောင်ရွက်ကြရမည်ဟူ၍လည်းကောင်း အမျိုးမျိုးထုတ်ပြန် အသံလွှင့် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၂ သို့** ➪